# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (4-11-2014) (၈၀၁၄)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီFM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့၌ နံနက် ၇ နာရီ၊ နေ့လယ် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံကို နိုဝင်ဘာ ၅ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**


နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာကာတာရောဘတ်စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ဦးသန်းဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွေ့အကြုံများ မျှဝေပေးရေး၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများ၊ ပညာရပ်များ သင်ကြားပို့ချနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# လှိုင်မြစ်ကူး ဘုရင့်နောင်တံတားအမှတ်(၂)တွင် မော်တော်ယာဉ်များစမ်းသပ်မောင်းနှင်ခွင့်ပြု

**ရန်ကုန် နိုဝင်ဘာ ၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၅)က တည်ဆောက်ခဲ့သည့် လှိုင်မြစ်ကူးဘုရင့်နောင်တံတားအမှတ်(၂)တံတားကြီး ရာနှုန်းပြည့် ပြီးစီးခဲ့သည့်အတွက် နိုဝင်ဘာ ၃ ရက်တွင် မော်တော်ယာဉ်များ စတင်စမ်းသပ် ဖြတ်သန်းခွင့်ပြုခဲ့ရာ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ကြသည်။

ဘုရင့်နောင်တံတားအမှတ်(၂) သည် မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်သို့ ဆက်သွယ်တည်ဆောက်ထားသော လှိုင်မြစ်ကူး ခေတ်မီတံတားတစ်စင်းဖြစ်သည်။ ဘုရင့်နောင်တံတား အမှတ်(၂)သည် ယခင် တည်ဆောက်ထားသော အမှတ်(၁)တံတားနှင့် ကပ်လျက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



သတင်းနှင့် ဓာတ်ပုံ ›› စောသိန်းဝင်း

## ထူးခြားသည့် ညအပူချိန်များ

ဟားခါး

၁၂ ဒီဂရီစင်တီဂရိတ်

ပြင်ဦးလွင်

၁၃ ဒီဂရီစင်တီဂရိတ်

ပူတာအို

၁၃ ဒီဂရီစင်တီဂရိတ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။


မွန်မြတ်သောကထိန်အလှူပွဲမှာ မြောက်များစွာသော ဒါနအလှူများ ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်...

ဂေါ်ဒီလာ

ခြင်နိုင် ဆေးခွေ

09 5152737



**ကြေးမုံစာတည်းရှေ့ထောင့်** **၄-၁၁-၂၀၁၄၊ အင်္ဂါနေ့**

# ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချ

ကမ္ဘာပေါ်တွင် ယခုရာစုနှစ်အကုန်ပိုင်းလောက်၌ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုများကို သိသိသာသာ မလျှော့ချနိုင်ပါက ဂေဟစနစ်ဆိုးရွားလာပြီး လူတို့အနေဖြင့် ပြန်လည်ပြင်ဆင်၍မရသည့် ပျက်စီးမှုများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျွမ်းကျင်သူများက စာမျက်နှာ ၄၀ ပါရှိသော အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း ကြားသိလိုက်ရပါသည်။

လက်ရှိတွင် ကမ္ဘာကြီးပူနွေးလာမှုကို သိသိသာသာခံစားနေရပြီဖြစ်ကြောင်း၊ ယင်းသို့ဖြစ်ရခြင်းသည် အဓိကအားဖြင့် လူတို့၏ ပယောဂကြောင့်ဖြစ်ရခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တက်ရောက်ပြီး ကမ္ဘာကြီး ပူနွေးလာခြင်းသည် လူတို့ကြောင့်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အန္တရာယ်များလှသည့် ရာသီဥတုပူနွေးမှုကို ရှောင်ရှားနိုင်ရန် ယခုရာစုနှစ်တစ်ဝက်လောက်ကတည်းက ကာဗွန်ထုတ်လွှတ်မှု လုံးဝနီးပါးမရှိအောင် မဖြစ်မနေဝိုင်းဝန်းလုပ်ဆောင်ကြရန် ကမ္ဘာနှင့်ချီ၍ အသိပေးလိုက်ခြင်းဖြစ်သည်။ ပညာရှင်များ၏ အသိပေးမှုများမှာ ယခုမှပင်မဟုတ်၊ အစောပိုင်းကာလကတည်းက အကြိမ်ပေါင်းများစွာရှိခဲ့ပြီးဖြစ်သည်။ ထိုသို့အကြိမ်ကြိမ်အသိပေးခဲ့ကြသော်လည်း ဖန်လုံအိမ်ဓာတ်ငွေ့လျှော့နည်းကျဆင်းခြင်းမရှိသည်မှာ လူတို့၏မလိုက်နာနိုင်သော အတ္တအစွဲကြောင့်ဖြစ်ပေလိမ့်မည်။

လူဟူသည် အတ္တစွဲလွှန်ကဲတတ်သဖြင့် မိမိတို့၏ အကျိုးစီးပွားကိုသာ ဦးစားပေးတတ်ကြလေသည်။ မည်သူသေသေ ငတေမာလျှင်ပြီးရော သဘောမျိုးမဟုတ်သော်လည်း လက်ရှိမိမိတို့၏လိုအင်ကိုသာ ရှေးရှုတတ်ကြလေသည်။ နောင်ခါလာ နောင်ခါဈေးဟုမဆိုနိုင်သော်လည်း လက်ရှိလိုအင်ကို မပစ်ပယ်နိုင်ကြခြင်းမှာ အတ္တစွဲဟုဆိုရမည်ဖြစ်သည်။

အသိတရားဖြင့် လိုက်နာကြသူ အနည်းငယ်ရှိမည်ဖြစ်သော်လည်း အသိတရားနည်းသူတို့က အများစုဖြစ်ပေလိမ့်မည်။ ထိုအခါ တစ်ဦးချင်းအလိုက် မိမိတို့ကိုယ်တိုင်ပင် လိုက်နာနိုင်ပါ့မည်လားဟု ဆန်းစစ်ကြည့်ဖို့လိုမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံဖွံ့ဖြိုးလျှင်ဖွံ့ဖြိုးသလို လေအေးပေးစက်များကို အမြောက်အမြားအသုံးပြုကြသည်။ ပူပြင်းသောအချိန်ကာလများတွင် တတ်နိုင်သူများအားလုံး လေအေးပေးစက်ကို အသုံးပြုကြပေလိမ့်မည်။ လေအေးပေးစက်သည် ဖန်လုံအိမ်အာနိသင် တိုးမြင့်လာရခြင်း၏ အဓိကလက်သည်များထဲတွင် တစ်မျိုးပါဝင်၍ ဖန်လုံအိမ်အာနိသင်လျှော့ချရေးအတွက် လေအေးပေးစက်များကို ပိတ်ကြပါဟုဆိုလျှင် လိုက်နာရန် ခက်ခဲကြပေလိမ့်မည်။

ရာသီဥတုပူပြင်းသဖြင့် လေအေးပေးစက်ဖွင့်သည်။ လေအေးပေးစက်ဖွင့်သဖြင့် ရာသီဥတုပူပြင်းလာသည်။ သို့နှင့် 'မုန့်လုံးစက္ကူကပ်' သလိုဖြစ်နေပေသည်။ အပြန်အလှန်အကျိုးသက်ရောက်မှုများမှာ နောက်ဆုံးတွင် ကမ္ဘာကြီး၏ဂေဟစနစ်ပျက်စီးစေမည့် ရလဒ်သာပေါ်ထွက်လာမည်ကို သတိပေးနေကြခြင်းဖြစ်သည်။

ဖန်လုံအိမ်အာနိသင်လျှော့ချရေးသည် လေအေးပေးစက်တစ်ခုတည်းသာမဟုတ် ကာဗွန်ထုတ်လွှတ်သော စွမ်းအင်အရင်းအမြစ်များလည်းပါဝင်သည်။ ထို့ကြောင့် အစားထိုးလောင်စာစွမ်းအင်များရရှိအောင် ကြိုးပမ်းအားထုတ်နေကြသည်။ သိပ္ပံပညာထွန်းကားလာခြင်းသည် တစ်ဖက်က တိုးတက်ခြင်း အကောင်းလုပ်ငန်းစဉ်ဖြစ်သော်လည်း တစ်ဖက်တွင် ကမ္ဘာကြီး၏ဂေဟစနစ်ပျက်စီးစေမှုဖြစ်ပေါ်လာနိုင်သည်။

တရားတော်အရ ဤကမ္ဘာမြေသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် လူတို့ကြောင့်ပင် ပျက်စီးခြင်းသို့ရောက်နိုင်သည်ကို အသိပေးထားပြီးဖြစ်သည်။ မည်သို့ပင် ပျက်ယွင်းသည်ဖြစ်စေ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ပျက်ယွင်းနိုင်သည့် ဖန်လုံအိမ်လျှော့ချရေးကိုမူ အတတ်နိုင်ဆုံး စတင်လုပ်ကိုင်ကြဖို့လိုနေပြီဖြစ်သည်။

လူတို့မဖြစ်မနေသုံးစွဲကြသည့် လေအေးပေးစက်များနှင့် ယာဉ်များကို လျှော့ချသုံးစွဲခြင်းဖြင့် စတင်သင့်သည်။ ယင်းကို အသိစိတ်ဓာတ်အနေဖြင့်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်ဖြင့်သော်လည်းကောင်း ဝိုင်းဝန်းလုပ်ဆောင်ပါလျှင် အနာဂတ်ကမ္ဘာမြေအတွက် အကျိုးရလဒ်ကောင်းများပေါ်ထွက်လာမည်ဖြစ်သည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဧရာဝတီတံတား(ထီးချိုင့်)ဆောက်လုပ်နေမှုနှင့် ဒိုးပင်-ထီးချိုင့်လမ်းရှိ အမှတ်(၃) ခရိုင်ချင်းဆက်လမ်းနှင့် ကတ္တရာလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထီးချိုင့်မြို့ ရွှေပြည်သာခန်းမ၌ တည်ကော၊ ကန်ပေါက်၊ ကြက်သွန်ခင်း၊ မြတောင်၊ ဆင်ဖြူဆိပ်၊ ကွင်းကြီး၊ ကန်နီ၊ ရေဝနှင့် လေသာကျေးရွာအုပ်စုများရှိ ကျေးရွာများမှ အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာဖူလုံပြည့်ဝရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ် (၈) ရပ်ချမှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်များချမှတ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လူထုအခြေပြုဖွံ့ဖြိုးရေးစီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ၊ ဆိုလာစနစ်မီးရရှိရေး၊ ကျေးလက်သောက်သုံးရေရရှိရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေးဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းတော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကသာ၊ အင်းတော်နှင့် ဗန်းမောက်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ခြောက်မြို့နယ်၊ ကျေးရွာအုပ်စု ၂၅၅ အုပ်စုမှ ကျေးရွာများအတွက် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်သောက်သုံးရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးပြီး နဘား-ရွှေဘို-မြစ်ကြီးနားလမ်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## လုံခြုံစိတ်ချမိခင်ဘဝအကြောင်း ဟောပြောဆွေးနွေး

**ကျောက်တန်း နိုဝင်ဘာ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကေသီခိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက တံတားမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် တံတားမြို့ရှိ မိခင်နှင့်ကလေးစောက်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကလေးမိခင်များနှင့်တွေ့ဆုံ၍ "လုံခြုံစိတ်ချ မိခင်ဘဝအကြောင်း" ဟောပြောဆွေးနွေးပညာပေးခဲ့သည်။

**အောင်ဆွေ (ရွှေတံတား)**

## တောင်သူပညာပေးဆွေးနွေးပွဲနှင့် အစေ့ထုတ်ပြောင်းစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ဝမ်ခုတ်အုပ်စု ကျိုင်းပင်းကျေးရွာ တောင်သူဦးလုံးသန်း၏ အစေ့ထုတ်ပြောင်းစိုက်ခင်း ငါးဧက၌ အစေ့ထုတ်ပြောင်းမျိုးသစ်မိတ်ဆက်ပွဲ၊ တောင်သူပညာပေးဆွေးနွေးပွဲနှင့် စံကွက်ရိတ်သိမ်းပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့်နှင့် ဦးယာကုတ်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၁၈၇ ဦးတက်ရောက်လေ့လာကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့်အစေ့ထုတ်ပြောင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က အစေ့ထုတ်ပြောင်းသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို ပညာပေးဆွေးနွေးကာ စီပီရန်ကုန် ကုမ္ပဏီလီမိတက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာဝန်ခံက စီပီစပ်မျိုးပြောင်း မျိုးသန့်များ၏အရည်အချင်းများနှင့်ပတ်သက်၍ဆွေးနွေးပြောကြားရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် မိုင်းခတ်မြို့နယ်အတွင်း အစေ့ထုတ်ပြောင်း ၂၅၄၃ ဧက စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်စွာထွက်ရှိပြီး အောင်မြင်စွာရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

### မိုးရွာသွန်းမှု

**၃-၁၁-၂၀၁၄**

**တောင်ကြီး**
၁ ဒသမ ၇၅ လက်မ

**ချောင်းဆုံ**
၁ ဒသမ ၆၅ လက်မ

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၇၀ ဖြစ်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၅၀၀၀ | - | ၆၄၆၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၄၀၀၀ | - | ၆၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၀၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၂.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄.၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀.၈၃၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄.၀၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၃၆၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၀.၆၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃.၂၄၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၅.၄၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀.၁၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်စာသင်သားများအတွက်
အမြတ် ၁၀၀၀၀၀ ကျပ်
EXAM SPECIAL CLASS (သိပ္ပံ၊ ဝိပ္ပံ)
၃ လပြတ် (ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ)
■ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်စွာဖြေဆိုနိုင်စေရန်၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ရိုးကုန်လေ့လာတတ်မြောက်စေ၍ ဝါရင့်ဆရာ၊ ဆရာမကြီးများ ကိုယ်တိုင် ၃ လပြတ် သင်ကြားပေးမည်။
■ နားမလည်သည်များကို ထပ်မံရှင်းပြ၍ စာကျက်ရန် Study Guide (သင်ထောက်ကူလမ်းညွှန်) များထားပေးမည်။
■ ပညာရေးလမ်းညွှန်ဂျာနယ် သင်ရိုးကုန်စာအုပ် ၁၄ အုပ်နှင့် Exam Guide (A,B,C,D,E) မေးခွန်း ၅ စုံကို အခမဲ့ပေး၍ သင်ကြားပေးမည်။
■ ယခုနှစ်မှစ၍ ဖြေဆိုမည့်သူများအပြင် Repeater များအတွက်ပါ စာမေးပွဲဖြေဆိုနိုင်စေရန်၊ စာလိုက်နိုင်စေရန် စီစဉ်ထားသည်။
■ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံနိုင်သည်။
ဆက်သွယ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၀
Nyein လှည်းတန်း ■ ငြိမ်းအဝေးသင် သင်တန်း၊ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၉၆၂၇

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း - 70000
No-၁၁/၁၃၊ ဒုလ္လာ၊ ၄၅လမ်း၊ ဗိုလ်တထောင်။
Ph-203519
09 516 1773, 09 731 61773

ရွှေနဂါး (စရိတ်ငြိမ်း)
ကျိုက်ထီးရိုး (နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-45000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

ဒေါ်မြင့်(?) ကားမျိုးစုံစီးလုံးငှားသည်
ကျိုက်ထီးရိုး (ငြိမ်း)- ၃၅၀၀၀
ချောင်းသာ (ငြိမ်း)- ၄၀၀၀၀
ငွေဆောင် (ငြိမ်း)- ၅၀၀၀၀
6+1 FREE
0931815390, 0931815395

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေဥဒေါင်းမင်း 09250512576, 09421122687
+ ကျိုက်ထီးရိုး (နေ့ချင်းပြန်-နေ့စဉ်) 30000
(နံနက်တ-နေ့လည်တ-ညတ၊ တောင်တက်၊ သွား×ပြန် အပါ)
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ုစမ်း Guest Package 75000

KMD Computer Centre
9001:2008 Cert. No. 683180
သင်တန်းအပ်နှံခွင့်အထူးနှုန်း | ၅၊ နိုဝင်ဘာ၊ ၂၀၁၄ (တစ်ရက်တည်းသာ)
(ပန်းဆိုးတန်း)/(မြေနီကုန်း)/(လမ်းမတော်)/(တာမွေ)/(လှန်းတန်း)/(ကမ္ဘာအေး)
20% OFF Discount
Application & Professional Courses
HOTLINE 09253969200

# စီးပွားရေးစီမံကိန်းကြီးများတွင် ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံ ဆူမီတိုမို မီဆူအီဘဏ်လုပ်ငန်းကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Takeshi Kunibe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများ၊ ဘဏ်လုပ်ငန်းနှင့်သက်ဆိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ စီးပွားရေးစီမံကိန်းကြီးများတွင် ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**❖ ရှေ့ဖုံးမှ**

ပေ ၂၀၀ အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည်မှာ ၁၆၂၈ ပေကျော်နှင့် ချဉ်းကပ်တံတားနှစ်ဖက် အပါအဝင် စုစုပေါင်းတံတားအရှည်မှာ ၄၁၄၀ ဒသမ ၅ ပေရှိပြီး လှိုင်မြစ်အတွင်းလှေ၊ သမ္ဗန်စက်တပ်ရေယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရန် ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေနှင့် ရေလမ်းအကျယ်ပေ ၃၇၀ ရှိကြောင်း သိရသည်။

အဆိုပါ ဘုရင့်နောင်တံတားအမှတ်(၂) တံတားဖွင့်ပွဲကို မကြာမီရက်အတွင်း ဖွင့်လှစ်ပေးနိုင်ရန်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) အဖွဲ့များနှင့် ပူးပေါင်း၍ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြိုးတံတားဖြတ်သန်းခွင့်နှင့် ပတ်သက်၍ လှိုင်သာယာမြို့နေပြည်သူများ၏ ရင်ဖွင့်စကားသံကိုလည်း အောက်ပါအတိုင်း ကြားသိရပါသည်။

"ကျွန်မက အကြော်စုံကို မြို့ထဲထိ သွားရောင်းတာ လမ်းမှာကားတွေကျပ်နေတာကြောင့် မြို့ထဲလည်းရောက်ရော အကြော်တွေက အေးကုန်ပြီ။ အခုတံတားကြီးပြီးသွားတော့ အချိန်တိုတိုနဲ့ မြို့ထဲရောက်တာပေါ့။ အကြော်စုံ ပူပူနွေးနွေးလို့အော်ပြီး ရောင်းနိုင်ပြီလေ။ ပျော်တယ်အရမ်းပျော်တာပါပဲရှင်။"

***(ဒေါ်ရွှေကြည်-လှိုင်သာယာ)***

"မနက်မိုးမလင်းခင် အိမ်ကထွက်တယ်။ ကလေးတွေ အိပ်ချိန်မှ ပြန်ရောက်တယ်။ သားသမီးတွေ အဖေကိုတောင် မမှတ်မိတော့ဘူး။ ကားတွေကျပ်လို့ စောစောထွက်၊ နောက်ကျမှ ပြန်ရတာ အဲဒီဒုက္ခ ငြိမ်းသွားပြီ။ တံတားကြီးရဲ့ အကျိုးကျေးဇူးကြောင့် ကလေးတွေရဲ့ အဖေလို့ခေါ်သံပြန်ကြားနေရပြီ။"

***(ကိုရေအေး ပန်းရန်လုပ်သား အမှတ်(၇)ရပ်ကွက်၊ လှိုင်သာယာ)***

"အခုကားတွေ ဂျန်းမဖြစ်တော့ဘူး။ ခေါက်ရေလည်း ပုံမှန်ပြန်ဆွဲလို့ရပြီ။ ခရီးသည်တွေလည်း ကားပေါ်မှာ အချိန်မဖြုန်းရတော့ဘူး။ အချိန်တိုတိုနဲ့ လိုရာသွားနိုင်ပြီ။ ပျော်ပါတယ်။ ဒီမိုကရေစီ အစိုးရသစ်အပေါ် ပြည်သူတွေက အရမ်းကျေးဇူးတင်ပါတယ်။"

***(၃၃၃ ယာဉ်မောင်း ကိုလှဝင်း၊ မီးခွက်ဈေး)***

"ပျော်လိုက်တာ ဒီမနက်ပဲ တံတားသစ်ကြီးက ဖြတ်ခဲ့တယ်။ Taxi သမားတွေ လှိုင်သာယာကို ခရီးသည်များရင် ကြောက်ကြတယ်။ အချိန်ကြာတယ်။ ဆီကုန်တယ်။ အခုတော့ လှိုင်သာယာခရီးသည်တွေများများ လာငှားပါစေလို့ ဆုတောင်းနေရတယ်။ လှိုင်သာယာသားတွေအတွက် နိုင်ငံတော်ရဲ့ စေတနာနဲ့ ပံ့ပိုးပေးတဲ့ ဘဝသစ်တံတားကြီး တစ်ခုပါပဲ။"

***(ဦးနွံခမ်းမွေး -Taxi ယာဉ်မောင်း-အဝေးပြေး)***

"အချိန်စောထွက်ခဲ့တယ်။ တံတားသစ်ကြီးဖွင့်လိုက်တာ မသိလိုက်ဘူး။ ယခင်ထက် အချိန်စောရောက်တဲ့အတွက် ဝမ်းသာလိုက်တာဗျာ။ လှိုင်မြစ်ကူးတံတားကြီးပေါ်ထွက်လာတာ အိပ်မက်တစ်ခုလိုပဲ။ နိုင်ငံတော်ကို ကျေးဇူးတင်ရမှာပေါ့။ ပြည်သူ့အသံကို ဂရုတစိုက်ရှိတဲ့အတွက် ကျေးဇူးကမ္ဘာပါပဲဗျာ"

***(မောင်တင်မောင်ဝင်း အချိန်ထိန်းလုပ်သား -အမှတ်(၁၂)ရပ်ကွက် ရွှေဝါထွန်း(၇)လမ်း လှိုင်သာယာ)***

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်)ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃**

(၁၄)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ(မူဆယ်)နှင့် (၁၀)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပမည်ဖြစ်သည်။

ကုန်စည်ပြပွဲကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအစည်းအဝေး၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးဌာနများ ဆွေးနွေးခြင်း၊ ကုန်သွယ်မှုစာချုပ် ချုပ်ဆိုခြင်း၊ မြန်မာ-တရုတ်ကုန်သွယ်မှု အစည်းအဝေးနှင့် မြန်မာ-တရုတ် အနုပညာဖလှယ်ခြင်း အစီအစဉ်များပါဝင်မည်ဖြစ်သည်။

ပြပွဲတွင် တရုတ်နိုင်ငံအတွက် ပြခန်း ၁၄၀ ခန့်၊ အိမ်နီးချင်းနိုင်ငံများအတွက် လေးခန်းခန့်နှင့် မြန်မာနိုင်ငံအတွက် ပြခန်း ၈၀ ခန့်ဖြင့် ပြသရန် စီစဉ်လျက်ရှိသည်။ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအနေဖြင့် ပြခန်းပြသလိုပါက ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၂၃၉၊ Fax:၀၆၇-၄၀၈၂၅၆၊ Email:moctradefair@gmail.com၊ Myanmar Trade Center(Yangon) ဖုန်း ၀၁-၂၅၄၀၂၄၊ Fax:၀၁-၂၅၄၀၂၃၊ Email:tradecenter.myanmar@gmail.com.itpic.moc@gmail.com တို့သို့နှင့် အသင်းအဖွဲ့၊ကုမ္ပဏီများအနေဖြင့် မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း ဖုန်း-၀၈၂-၅၀၆၄၈၊ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ၀၈၂-၅၅၁၀၃နှင့် UMFCCI အသင်းချုပ် ကုန်စည်ပြပွဲဌာန ဖုန်း-၀၁-၂၁၄၃၄၄ မှ ၂၁၄၃၄၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## အခြေခံသံတမန်ရေးရာသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၃၄/၂၀၁၄) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်း၌ မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများ ကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှုပညာစသည်တို့ကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်းသတင်းရရှိသည်။

**(ကြေးမုံ)**

## ပြည်သူလူထုသို့ အသိပေးကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၃**

အာဆီယံထိပ်သီးအစည်းအဝေးကျင်းပစဉ်ကာလအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်တွင်း/ပြည်ပ ခရီးသွားလာသူ အများပြည်သူများအား စိစစ်ခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ရှာဖွေစစ်ဆေးခြင်းတို့ကို လုံခြုံရေးတာဝန်အရ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားလာကြမည့် အများပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးလက်မှတ် သို့မဟုတ် သက်ဆိုင်ရာနိုင်ငံသား အထောက်အထားလက်မှတ်၊ ဝန်ထမ်းစိစစ်ရေးလက်မှတ်၊ ခရီးသွားလာခွင့် သို့မဟုတ် ခိုင်လုံသောအထောက်အထားများ၊ လိုအပ်သော စာရွက်စာတမ်းများနှင့် သက်ဆိုင်ရာ ယာဉ်အထောက်အထားများကိုပါ မပျက်မကွက် ကိုင်ဆောင်၍ ခရီးသွားလာကြပါရန်နှင့် တာဝန်ရှိသူများက တာဝန်အရ စစ်ဆေးမေးမြန်းခြင်းအပေါ် ကြည်ဖြူစွာခံယူ၍ ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ **(ပြည်ထဲရေးဝန်ကြီးဌာန)**






*ပါကစ္စတန်နှင့် ထိစပ်နေသော နယ်ခြားဒေသစည်းရိုးတစ်လျှောက်တွင် အိန္ဒိယနယ်ခြားစောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ကြစဉ်။*

# အိန္ဒိယ-ပါကစ္စတန်နယ်စပ်၌ တပ်လှန့်ထား အသေခံဗုံးခွဲတိုက်ခိုက်၊ ၅၅ ဦးသေဆုံး

နယူးဒေလီ နိုဝင်ဘာ ၃

**လာဟိုရီမြို့အနီး ဝါဂက်ချ်နယ်စပ်စစ်ဆေးရေးစခန်း၌ တနင်္ဂနွေနေ့တွင် အသေခံဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး ၅၅ ဦးသေဆုံးပြီး ၂၀၀ ဒဏ်ရာရရှိခဲ့ရာ နောက်ဆက်တွဲအဖြစ် အိန္ဒိယ-ပါကစ္စတန် နယ်စပ်တစ်လျှောက်၌ သာမန်ထက်ပို၍ တပ်လှန့်ထားသည်။**

နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များက ပြုလုပ်သည့် အလံချအခမ်းအနားတွင် အကြမ်းဖက်အုပ်စုများက တိုက်ခိုက်လာနိုင်ဖွယ်ရာရှိသည့် သတင်းကို ထိုနေ့မတိုင်မီ ညက ရရှိခဲ့ကြောင်း နယ်စပ်လုံခြုံရေးတပ်ဖွဲ့ (ဘီအက်စ်အက်ဖ်)၏အကြီးအကဲ ဒီကေပါသက်က ပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကလည်း တိုက်ခိုက်လာနိုင်ကြောင်း တပ်လှန့်ထားသည်ဟု ပြောသည်။

နေ့စဉ် နေမဝင်မီအချိန်တွင် လာဟိုရီမြို့နှင့် အမ်ရစ်ဆာမြို့နှစ်မြို့အကြားရှိ တစ်ခုတည်းသော ကုန်းလမ်းနယ်စပ်ဖြတ်သန်းစခန်း ဝါဂက်ချ်၌ ပါကစ္စတန်နှင့် အိန္ဒိယ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များသည် တစ်ပြိုင်နက်တည်း ၎င်းတို့၏ နိုင်ငံတော်အလံများကို အခမ်းအနားဖြင့် တိုင်မှချ၍ သိမ်းဆည်းကြသည်။

နယ်စပ်မှ ပါကစ္စတန်ဘက် အနည်းဆုံးမီတာ ၅၀၀ ကွာသောနေရာ၌ တနင်္ဂနွေနေ့ ညနေ ၆နာရီ၁၂ မိနစ်အချိန်တွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိသော်လည်း တုန်ခါမှုကြောင့် စခန်းအဆောက်အအုံ၏ တံခါးမှန်များကွဲသွားခဲ့သည်။ သေဆုံးသူအများစုသည် အခမ်းအနားမှ ပြန်လာကြသူများဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ မေတ္တာရပ်ခံချက်အရ တနင်္လာနေ့မှစ၍ သုံးရက်တိုင်တိုင် ဝါဂက်ချ်၌ အလံချအခမ်းအနားပြုလုပ်မည်မဟုတ်ဟု ပါသက်က ပြောသည်။

အိန္ဒိယနှင့် ပါကစ္စတန်အကြား နယ်စပ် ကူးသန်းရောင်းဝယ်ရေးကိုလည်း တနင်္လာနေ့တွင် ပိတ်ထားသည်။

ပန်ဂျပ်ပြည်နယ် အက်တာရီမှ အကောက်ခွန်အရာရှိများက နှစ်နိုင်ငံဘက်လုံး၌ အရောင်းအဝယ်မရှိကြောင်း၊ ဆက်လက်၍ နောက်ထပ်နှစ်ရက် ပိတ်ထားဖွယ်ရာရှိကြောင်းပြောသည်။

အသီးများ၊ ဟင်းသီးဟင်းရွက်များ အပါအဝင် ကုန်စည်များ တင်ဆောင်လာသည့် ထရပ်ကား ရာပေါင်းများစွာသည် နယ်စပ်ကိုဖြတ်ကျော်ကြသည်။

ပါကစ္စတန်တာလီဘန်အဖွဲ့နှင့်နီးကပ်သောအကြမ်းဖက်အဖွဲ့တစ်ဖွဲ့က အဆိုပါတိုက်ခိုက်မှုမှာ ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပါကစ္စတန်တပ်မတော်က မျိုးနွယ်စု ဒေသအတွင်းရှိ ၎င်းတို့စခန်းများကိုတိုက်ခိုက်ခြင်းအား လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

နယ်စပ်စခန်းအဆောက်အအုံအတွင်းသို့ဝင်ရောက်ရန် ကြိုးစားသော အသက် ၁၈ နှစ်ခန့်ရှိ အသေခံဗုံးခွဲသမားကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ် ၎င်းက ၎င်း၏ခန္ဓာကိုယ်၌ ပါလာသော ဗုံးများကို ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ပန်ဂျပ်ရဲတပ်ဖွဲ့က ပြောသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအားလုံးကို လာဟိုရီမြို့ ဂူယာကီဆေးရုံသို့ သယ်ဆောင်သွားပြီး ဒဏ်ရာရသူများကို ကုသပေးလျက်ရှိသည်။ **ရိုက်တာ။**

# ပြင်သစ် အဏုမြူဓာတ်အားပေးစက်ရုံများ၏ ဝေဟင်အတွင်း မောင်းသူမဲ့လေယာဉ်ပျံသန်းမှု စုံစမ်းစစ်ဆေး

ပါရီ နိုဝင်ဘာ ၃

ပြင်သစ်နိုင်ငံရှိ အဏုမြူဓာတ်အားပေးစက်ရုံများတည်ရှိရာ နေရာဒေသများ၏ ဝေဟင်အတွင်း မောင်းသူမဲ့လေယာဉ်ငယ်လေးများပျံသန်းသည့်ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်ခဲ့ခြင်းနှင့်ပတ်သက်၍ လုံခြုံရေးဌာနများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။



*ပြင်သစ်နိုင်ငံရှိ အဏုမြူဓာတ်အားပေးစက်ရုံတစ်ရုံကို တွေ့ရစဉ်။*

အောက်တိုဘာ ၁ရက်မှစ၍ ပြင်သစ်နိုင်ငံရှိ အဏုမြူဓာတ်အားစက်ရုံ ခြောက်ရုံထက်မနည်းကို မောင်းသူမဲ့လေယာဉ်များက ထောက်လှမ်းခဲ့ကြောင်း၊ မောင်းသူမဲ့လေယာဉ်ပျံသန်းမှု ၁၅ ကြိမ်ထက်မနည်း ရှိခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြင်သစ်နိုင်ငံရှိ အဏုမြူစက်ရုံများကို မြေငလျင်နှင့် လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် ဒီဇိုင်းပုံစံထုတ် တည်ဆောက်ထားကြောင်း၊ မောင်းသူမဲ့လေယာဉ်များ၏ ဘေးအန္တရာယ်မှလည်း ကာကွယ်နိုင်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများ၏ နောက်ကွယ်တွင် မည်သူမည်ဝါရှိနေသည်ကို စုံစမ်းစစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဆီဂိုလီနာရွိုင်ရယ်လ်က ပြောကြားသည်။

ပြင်သစ်နိုင်ငံ၌ အသုံးပြုသော လျှပ်စစ်ဓာတ်အားပမာဏ၏ သုံးပုံနှစ်ပုံကျော်ကို အဏုမြူဓာတ်အားပေးစက်ရုံများမှ ရရှိသည်။ ပြင်သစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အဏုမြူဓာတ်အားသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်သည်။

**ရိုက်တာ။**



# အီရတ်ရှိ အိုင်အက်စ်များကို ကနေဒါ တိုက်ပြီ

ဘရပ်ဆဲလ် နိုဝင်ဘာ ၃

ကနေဒါနိုင်ငံသည် အီရတ်နိုင်ငံအတွင်းရှိ အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)၏စစ်စခန်းများကို ပထမဆုံးအကြိမ်အဖြစ် တနင်္ဂနွေနေ့တွင် လေကြောင်းမှ စတင်တိုက်ခိုက်ပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ယနေ့ဖော်ပြသည်။

အပြစ်မဲ့သော ကလေးများ၊ မိန်းမများ၊ ယောကျ်ားများကို နှိပ်စက်၊ ညှဉ်းပန်း၊ သတ်ဖြတ်ခြင်းတို့အား ဆန့်ကျင်ကြောင်းကိုလည်းကောင်း၊ အကြမ်းဖက်ဝါဒ၏ ခြိမ်းခြောက်မှုကို ဖြိုခွင်းမည့်သဘောထားကိုလည်းကောင်း ယနေ့တိုက်ခိုက်မှုက ပြသခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီး ရော့နီကိုလ်ဆန်၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကနေဒါသည် အိုင်အက်စ်နှိမ်နင်းရေး ညွန့်ပေါင်းအဖွဲ့တွင် ကြာသပတေးနေ့ကဝင်ရောက်၍ နှစ်ရက်ကြာလေ့လာထောက်လှမ်းပြီးနောက် ဖော်လူဂျာမြို့အနီးရှိ အစွန်းရောက်တို့၏စခန်းများကို တိုက်ခိုက်ရန် စီအက်ဖ်- ၁၈ တိုက်လေယာဉ်နှစ်စင်းကို စေလွှတ်ခဲ့သည်။ သောင်းကျန်းသူများကို ခုခံကာကွယ်ရန် လက်နက်စွဲကိုင်ခဲ့ကြသော အဲလ်ဘူနီမာမျိုးနွယ်စုဝင်များကို အိုင်အက်စ်က သတ်ဖြတ်ခဲ့ပြီးနောက် ဤသို့တိုက်ခိုက်လာခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**



*တောင်အာဖရိကနိုင်ငံရှိ ကရူဂါအမျိုးသားဥယျာဉ်အတွင်း ကြံ့သတ္တဝါများ ကျက်စားနေထိုင်လျက်ရှိသည်ကို တွေ့ရစဉ်။*

# တောင်အာဖရိကတွင် ကြံ့ချိုများနှင့်အတူ ဗီယက်နမ်နှစ်ဦးကို ဖမ်းဆီး

ဂျိုဟန်နက်စ်ဘတ် နိုဝင်ဘာ ၃

တောင်အာဖရိက ရဲတပ်ဖွဲ့သည် ဗီယက်နမ်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီးပြီး ကြံ့ဦးချိုအမြောက်အမြားကို သိမ်းဆည်းခဲ့ကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၃ ရက်တွင် ကြေညာသည်။

အဆိုပါသံသယရှိသူများကို ဂျိုဟန်နက်စ်ဘတ်၏အဓိက နိုင်ငံတကာလေဆိပ်၌ သောကြာနေ့ညတွင် လေယာဉ်ပြောင်းစီးရန်နားနေစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။

၎င်းဗီယက်နမ်နှစ်ဦးသည် မိုဇမ်ဘစ်နိုင်ငံမှလာခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း၊ ၎င်းတို့၏အိတ်များအတွင်းမှ မှောင်ခိုဈေးကွက်တွင် အမြောက်အမြားတန်ဖိုးရှိသော ကြံ့ချို ပေါင် ၉၀ တွေ့ရှိခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထိုကြံ့ချိုများသည် ကြံ့များသံဖြတ်ခြင်းခံရမှု တစ်ဟုန်ထိုး များပြားလာခြင်းကို ရပ်တန့်သွားရန် ကြိုးစားနေသည့် တောင်အာဖရိကမှ ကြံ့များ၏ဦးချိုများဖြစ်ကြသည်ဟု ရဲတပ်ဖွဲ့က ယုံကြည်သည်။

အဆိုပါသံသယရှိသူနှစ်ဦးကို တနင်္လာနေ့တွင် တရားရုံးတင်မည်ဖြစ်ပြီး နိုင်ငံတကာ တိရစ္ဆာန်သတ်ဖြတ်ရေး ရာဇဝတ်ဂိုဏ်းနှင့် အဆက်အသွယ်ရှိသော တောင်အာဖရိကနိုင်ငံသားများကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ **အေပီ။**

# ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်း

၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅။)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

### ❖ ငါးသယံဇာတမှ

နေ့စဉ်ထုတ်သတင်းစာများတွင် မကြာခဏ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးမှုအရေးယူသည့် သတင်းများ ဖတ်ရှုနေရသည်။ ရေချိုငါးဖမ်းလုပ်ငန်းဥပဒေပုဒ်မ ၄၄ တွင် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများနှင့် အဆိပ်ချ ငါးဖမ်းဆီးမှု ပြုလုပ်သူကို ဒဏ်ငွေ ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ဖြစ်စေ၊ ထောင်ဒဏ်ခြောက်လမှ ငါးနှစ်ထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်ပေါင်း ဖြစ်စေချမှတ်နိုင်ကြောင်း သတ်မှတ်ထားရှိကြောင်း သိရသည်။ တိတိကျကျ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်သည်။ လိုအပ်ပါက ဒေသန္တရ စီမံခန့်ခွဲမှုအရပါ အရေးယူဆောင်ရွက်သင့်ပေသည်။

ဘက်ထရီရှော့ခ်တိုက်ဖမ်းဆီးခြင်း၊ အဆိပ်ချ ဖမ်းဆီးခြင်းတို့ကြောင့် ငါးသေးလေးများ သေသွားသည့်အပြင် ငါးလတ်နှင့်ငါးကြီးများ မူးမော်နေသည့်အတွက် ပိုက်ဆွဲ၊ ကွန်ပစ်ဖမ်းဆီးခြင်းထက် လွယ်ကူသည်။ ဘက်ထရီအိုး ဗို့အားများလေ ငါးကြီးကြီးများ မိလေဖြစ်သည်။ လွတ်သွားသည့်ငါးများဆိုလျှင်လည်း မသေသော်လည်း မျိုးပွားအင်္ဂါ ထိခိုက်စေသည့်အတွက် နောက်ထပ်မျိုးမပွားနိုင်တော့ကြောင်း လေ့လာသိရှိရသည်။

ယနေ့ကမ္ဘာတွင်ရော မြန်မာနိုင်ငံတွင်ပါ ငါးသယံဇာတများ ရှားပါးသွားရခြင်း၏ အကြောင်းများမှာ ဘက်ထရီရှော့ခ်တိုက်ဖမ်းဆီးခြင်း၊ ဓာတုဆေးဝါးများချပြီး ဖမ်းဆီးခြင်း၊ ပိုက်ကွက်စိတ်ချပြီး ဖမ်းဆီးခြင်း၊ ငါးရစ်ငါးသန် တားမြစ်ကာလတွင် ဖမ်းဆီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်း၊ ရေထုညစ်ညမ်းခြင်းနှင့် စပါးအထွက်တိုးရန် လယ်ကွင်းများအတွင်း ဓာတုပစ္စည်းများ ပက်ဖျန်းခြင်းတို့ကြောင့် ဖြစ်သည်ဟု လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၏ ငါးသယံဇာတ ရှားပါးသွားမှုကို ထိန်းသိမ်းရာတွင် ငါးလုပ်ငန်းဦးစီးဌာနတစ်ခုသာ တာဝန်ရှိသူဟု ခံယူမထားသင့်ပါ။ ရေရှည်အားလုံး စားသုံးနိုင်ရန်အတွက် နိုင်ငံသူ နိုင်ငံသားတိုင်းတွင် တာဝန်ရှိမည်ဖြစ်သည်။ ငါးပြုန်းတီးနေပြီဖြစ်ကြောင်း ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများအားလုံး စည်းရုံးပညာပေးရန် အထူးလိုအပ်နေပြီဖြစ်သည်။ ပြည်သူများကလည်း သိရှိသဘောပေါက်ပြီး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပေသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း စားဝတ်နေရေးဟူသည့် ကဏ္ဍသုံးရပ်တွင် အဓိကကျသည့် စားရေးအဆင် ပြေစေရေးအတွက် တရားမဝင် ငါး၊ ပုစွန်ဖမ်းဆီးမှုများကို ဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ တိတိကျကျထိထိရောက်ရောက်ဟန့်တား အရေးယူဆောင်ရွက်ပေးရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**အောင်ဝင်း(ဖျာပုံ)**




# ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်

## ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**စစ်တွေ နိုဝင်ဘာ ၃**

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးခင်ရီ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းတို့သည် နိုဝင်ဘာ ၂ ရက်က ပေါက်တောမြို့သို့ ရောက်ရှိကာ ပေါက်တောမြို့ ဆိပ်ကမ်းသစ်တည်ဆောက်ထားရှိမှု၊ မြို့လမ်းမကြီး ဖောက်လုပ်ပြီးစီးမှုတို့ကို စစ်ဆေးကြည့်ရှုပြီး ပေါက်တောမြို့ခန်းမ၌ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ပေါက်တောမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ရေပေးဝေရေးအခြေအနေများအား ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။


ထို့နောက် ပေါက်တောမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး နေ့လယ်ပိုင်းတွင် ဘင်္ဂါလီစခန်းများရှိ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ နေထိုင်ရောင်းဝယ်ဖောက်ကားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စခန်းခေါင်းဆောင်များ အပါအဝင် အင်အား ၂၀၀ ခန့်နှင့် တွေ့ဆုံ၍ တည်ငြိမ်အေးချမ်းမှုအား ပူးပေါင်းလိုက်နာကြရေး၊ ပညာရေးအခြေအနေပြန်လည်ရှင်သန်ရေး၊ နယ်မြေလုံခြုံရေး၊ နိုင်ငံတော်၏ ချမှတ်ထားသော တည်ဆဲဥပဒေများကို လိုက်နာရေးတို့ကို ရှင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အထက-၄ နှစ်ထပ်ကျောင်းဆောင် ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်တွင် ထောက်ပံ့ကူညီပေးနေသော နိုင်ငံတကာနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ECC ရုံးခန်း၌ တွေ့ဆုံ၍ မျှတစွာကူညီရေး၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရေး၊ မမှန်မကန်သတင်းများ ထုတ်ပြန်မှုကို မလုပ်ဆောင်ရေး၊ ရိုးသားမှုအပေါ် အခြေခံ၍ ကူညီထောက်ပံ့ရေးများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



FORWARD
YGN
RENT A CAR
(ကျိုက်ထီးရိုးနေ့ ချင်းပြန်သီးသန့် ခရီးစဉ်)
အပါတ်စဉ် ( စနေ ၊ တနင်္ဂနွေ ) နှင့် အစိုးရရုံးပိတ်ရက်
နိုဝင်ဘာ ၆ ရက်(တန်ဆောင်မုန်းလပြည့်) ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား၊ မဟာမြတ်မုနိဘုရား၊ နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊ တောင်တက်ကားခ၊ Service Guide ၊ အဆင့်မြင့် Air-Con Bus ၊
အဆင့်မြင့် Restaurant
'စင်းလုံးငှားသီးသန့် တောင်တက်ကား' 30000/-
09-5089800, 09-259259181-2, 09-33345545




GUSTO
Institute of Information Technology

UK ၏ အကြီးမားဆုံးပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel နှင့် GUSTO - Institute of IT တို့ပူးပေါင်းဖွင့်လှစ်မည့်

HND Diploma in Computing (UK)



- ယခင်က UK သို့ သွားရောက်သင်ယူနေရသော QCF Level-5 အဆင့်ရှိ Higher National Diploma ကိုရန်ကုန်မြို့ရှိ GUSTO - ကွန်ပျူတာနည်းပညာ အင်စတီကျူတွင် တက်ရောက်ခွင့် လျှောက်ထားနိုင်ပြီဖြစ်သည်။
- တက်ရောက်ခွင့် ရရှိပါက အဆင့်မြင့် ကွန်ပျူတာ နည်းပညာများကို UK သင်ရိုးညွှန်းတမ်းကို အသုံးပြု၍ ကျောင်းသား ဗဟိုပြုစနစ်ဖြင့် စာတွေ့လက်တွေ့(၂)နှစ် လေ့လာသင်ယူရမည်ဖြစ်သည်။
- တက်ရောက်အောင်မြင်ပါက Pearson (UK) မှ တိုက်ရိုက်ချီးမြှင့်မည့် BTEC HND ဘွဲ့ကို ရရှိမည်ဖြစ်သည်။
- QCF Level-5 အဆင့်ရှိ HND ဘွဲ့ကိုရရှိပြီးပါက နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်၍ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO - Institute of IT တွင် Top- Up Degree တက်ရောက်၍ ဖြစ်စေ B.Sc.(Hons:) Computing ဘွဲ့ကို ရယူနိုင်မည်ဖြစ်သည်။

November Intake အတွက် ကျောင်းအပ်နှံနိုင်ပါပြီ။

#289 (A), Pyay Road, Sanchaung, Yangon.
09-86 288 06, 09-4500 56104

# အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး

ထက်ထက်ထူး




**အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးခရီးအစ**

အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဆွေးနွေးပွဲတစ်ခုကို ၁၉၇၃ခုနှစ်တွင် informal ပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲသည် ၁၉၇၇ခုနှစ် မတ်လတွင် စီစဉ်ခဲ့သည့် အာဆီယံ-ဂျပန်ဖိုရမ်နှင့်အတူ တရားဝင်ဖြစ်လာခဲ့သည်။ ထို့နောက် အဆိုပါအချိန်မှစ၍ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေး၊ လူမှုယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်ဆက်ဆံရေး စတင်ခဲ့ပါသည်။ ပထမဆုံးအကြိမ် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၁၉၇၇ခုနှစ် ဩဂုတ်လ ၄ ရက်မှ ၅ ရက်နေ့ထိ ကျင်းပခဲ့ပါသည်။

အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်မှုကို ကာလရှည်ကြာစွာနှင့် တက်ကြွစွာဆောင်ရွက်နိုင်ရေးအတွက် တိုကျိုကြေညာချက် (Tokyo Declaration for the Dynamic and Enduring ASEAN-Japan Partnership in the New Millennium) ကို အာဆီယံလုပ်ငန်းစီမံချက် (ASEAN-Japan Plan of Action) နှင့်အတူ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် တိုကျိုမြို့၌ပြုလုပ်ခဲ့သည့် အာဆီယံ-ဂျပန် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။ အာဆီယံ-ဂျပန် နှစ်(၄၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ပါသည်။

**အာဆီယံ-ဂျပန်စီးပွားဆက်ဆံရေး**

အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၉ ဘီလီယံအထိရှိခဲ့ပြီး အာဆီယံကုန်သွယ်မှုစုစုပေါင်း၏ ၉ ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။ ဂျပန်နိုင်ငံသည် တရုတ်နှင့် ဥရောပပြီးလျှင် အာဆီယံ၏ တတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အာဆီယံနိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံရှိပါသည်။ သို့ပါ၍ အာဆီယံနိုင်ငံများသို့ စီးဝင်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၁၈ ဒသမ ၇ ရာခိုင်နှုန်းဖြစ်၍ ဂျပန်နိုင်ငံသည် အာဆီယံနိုင်ငံများ၏ ဒုတိယအကြီးဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပါသည်။

ဂျပန်နိုင်ငံသည် လျှပ်စစ်ပစ္စည်းကိရိယာများနှင့် စက်ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးနှင့်ကွန်ပျူတာဆိုင်ရာ စက်ပစ္စည်းများနှင့် အစိတ်အပိုင်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိရိယာများ၊ ယာဉ်များနှင့် လျှပ်စစ်မဲ့စက်ပစ္စည်းများ စသည်တို့ကို ပို့ကုန်တင်ပို့ပြီး သွင်းကုန်ပစ္စည်းများအနေဖြင့် စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ စက်သုံးဆီ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ငါးစသည်တို့ကို တင်သွင်းပါသည်။

အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**အာဆီယံ-ဂျပန် ပေါင်းစည်းရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းစီမံချက်များ**

ဂျပန်နိုင်ငံမှ အာဆီယံ-ဂျပန် ပေါင်းစည်းရေးရန်ပုံငွေအောက်ရှိ လုပ်ငန်းစီမံချက်များ၊ ထပ်မံဖြည့်တင်းထားသည့် ရန်ပုံငွေအောက်ရှိ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးတို့၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကော်မတီ(AMEICC) မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစီမံချက်များ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအပါအဝင် အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ လုပ်ငန်းစီမံချက်များ၊ တီထွင်ဆန်းသစ်မှုများနှင့် စက်မှုလုပ်ငန်းနယ်ပယ်သစ်များဆိုင်ရာ လုပ်ငန်းစီမံချက်များတွင် ကူညီလျက်ရှိပါသည်။

**နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ**

ဂျပန်နိုင်ငံအနေဖြင့် လွတ်လပ်သောကုန်သွယ်မှုဒေသထူထောင်ရေး သဘောတူစာချုပ်များချုပ်ဆိုရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စင်ကာပူနိုင်ငံနှင့် ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံနှင့် ၂၀၀၄ ခုနှစ်တွင် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံနှင့် ၂၀၀၆ ခုနှစ်တွင် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၀၇ ခုနှစ်တွင် လည်းကောင်း ဘရူနိုင်းနိုင်ငံနှင့် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံနှင့် ၂၀၀၈ ခုနှစ်တွင် လည်းကောင်း နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပါသည်။

**အာဆီယံ-ဂျပန်အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ**

ကုန်စည်ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများတိုးတက်စေရေးနှင့် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကျယ်ပြန့်စေရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်လာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ ။

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အပ်ချုပ်စက်များ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃**

ဇမ္ဗူသီရိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်သင်တန်းအတွက် အပ်ချုပ်စက်များ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးရှိ စက်ချုပ်သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအတွက် အပ်ချုပ်စက်များကို ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်နှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့်သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

ယနေ့ဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်းသို့ ဇမ္ဗူသီရိမြို့နယ်အတွင်းမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၄၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

# ရန်ကုန်မြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုမြင်ကွင်း



**အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းဆုံမီးပွိုင့်တွင် ယာဉ်များ ပိတ်ဆို့နေသည်ကို တွေ့ရစဉ်။**

(ဇော်မင်းလတ်-သတင်းစဉ်)



**အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းတစ်လျှောက် ယာဉ်များရှုပ်ထွေးနေမှုနှင့် ဈေးသည်များ လမ်းဖြတ်ကူးသွားလာနေမှုကို တွေ့ရစဉ်။**

(ဇော်မင်းလတ်-သတင်းစဉ်)



**အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့ ယုဇနပလာဇာရှေ့တွင် ခရီးသည်တင်ယာဉ်ရပ်ရမည့်နေရာ၌ အငှားယာဉ်များ ရပ်ထားသည်ကို တွေ့ရစဉ်။**

(သောင်းမြင့်-သတင်းစဉ်)

ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ဂျပန်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ ဆူမီတိုမို မီဆူအီ ဘဏ်လုပ်ငန်းကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Takeshi Kunibe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် အိန္ဒိယနိုင်ငံ Bharatiya Janta Party ၏ ပြောရေးဆိုခွင့်ရှိသူ Mr.M J Akbar နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် (I-1)၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအား တိုးမြှင့်ဆောင်ရွက်ရေးနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၅၉)ဖွင့်

**နေပြည်တော် နိုဝင်ဘာ ၃**

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနမှ ကျောင်းအဆင့်များ တိုးမြှင့်ပေးခြင်းနှင့် တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းသင်ပညာရေးကျောင်းများ၊ ပရဟိတကျောင်းများ၊ ရွှေ့လျားကျောင်းများ၊ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ကျောင်းအခြေပြုမူကြို ပညာရေးကို တိုးချဲ့အကောင်အထည်ဖော်ခြင်း၊ ကျောင်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ကျောင်းဆောင်များ ဥပဓိရုပ်ကောင်းမွန်အောင် ပြုပြင်ပေးခြင်း၊ လူတိုင်း အကျုံးဝင်ပညာရေးကို ဦးတည်အကောင်အထည်ဖော်ခြင်း၊ ခေတ်မီသင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများဖြည့်ဆည်းပေးခြင်းနှင့် အခမဲ့မသင်မနေရမူလတန်းပညာရေးအစီအစဉ်ကို အကောင်အထည်ဖော် ပေးမှုများကြောင့် သူငယ်တန်းကျောင်းဝင်နှုန်းတိုးတက်မြင့်မားလာပြီး ကျောင်းနေမြဲနှုန်း၊ အတန်းလိုက် သင်ယူမှုပြီးမြောက်မှုနှုန်း၊ အတန်းကူးပြောင်းမှုနှုန်းနှင့် သင်ယူတက်မြောက်မှုနှုန်းများလည်း ပိုမိုမြင့်မား တိုးတက်လာကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ကြံ့ခိုင်ဖြောင့်မတ်သောစိတ်ဓာတ်၊ စောင့်စည်းအပ်သော လူမှုကျင့်ဝတ်၊ လိုက်နာအပ်သော စည်းကမ်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသော အသိပညာ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော အတတ်ပညာများကို သင်ကြား လေ့ကျင့်ပေးကြရမှာဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရေးစနစ်ဖြစ်ပေါ်လာရန်အတွက် ကလေးဗဟိုပြုသင်ကြားနည်းကိုအသုံးပြုပြီး လေ့ကျင့်သင်ကြားပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# သီပေါမြို့တွင် ကုန်တင်ယာဉ်ကြီးများ စည်းကမ်းမဲ့စွာသွားလာနေသည့်အပြင် ဆိုင်ကယ်တစ်စီးပေါ်နှစ်စီးတင်ကာ သွားလာနေ

**သီပေါ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွားပြည်ထောင်စုလမ်းမကြီး၏ အဓိကဆက်သွယ်ပေးသည့် အရေးပါသော လမ်းကြောင်းဖြစ်ပြီး နေ့စဉ်ကားကြီး၊ ကားငယ်အစီးပေါင်း နှစ်ထောင်ကျော်နှင့် မော်တော်ဆိုင်ကယ်၊ သုံးဘီးယာဉ်များလည်း စဉ်ဆက်မပြတ်သွားလာလျက်ရှိရာ ယာဉ်ကြီးများမှာလည်း မြို့တွင်းတွင် ယာဉ်ကြောအတိုင်း မဟုတ်ဘဲ စည်းကမ်းမဲ့စွာ ရပ်နားသွားလာလျက်ရှိသဖြင့် ယာဉ်တိုက်မှုအန္တရာယ်မှာ တစ်နေ့တခြား မြင့်မားလာလျက်ရှိကြောင်း သိရသည်။



ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှာ အဆိုပါ မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် တည်ရှိရာဖြစ်သည့်အပြင် မော်တော်ဆိုင်ကယ် ကယ်ရီသမားများကလည်း ဆိုင်ကယ်တစ်စီးပေါ်တွင်တပ်ဆင်ပြီးဆိုင်ကယ်တစ်စီး (သို့မဟုတ်)နှစ်စီးစသည်ဖြင့်တင်ဆောင်ကာ မနိုင်ဝန်ကိုအရှိန်ပြင်းစွာ သယ်ဆောင်သွားလာနေသဖြင့် **(ဝဲပုံ)**ယာဉ်စည်းကမ်းထိမ်းသိမ်းရေးကော်မတီအနေဖြင့် ယာဉ်စည်းကမ်းအတိုင်း ထိန်းသိမ်းဆောင်ရွက်ပေးရန် ကျောင်းသားမိဘများက လိုလားလျက်ရှိကြောင်း သိရသည်။ **(စိုင်း-သီပေါ)**






ပြည်တွင်းရေးရာ

# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ Stalin's Line ဒုတိယကမ္ဘာစစ်အတွင်း သမိုင်းဝင်ခံစစ်နေရာနှင့် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃**

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်တပ်မတော်မှ Deputy Chief of General Staff, Major General Glod Igor နှင့် တာဝန်ရှိသူများလိုက်ပါလျက် မင့်စ်မြို့ရှိ Stalin's Line ဒုတိယကမ္ဘာစစ်အတွင်းသမိုင်းဝင်ခံစစ်နေရာ Complex သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး(အငြိမ်းစား) Mr. Aleksander Metla နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ရှင်းလင်းဆောင်အတွင်း ခံစစ်နေရာနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ Stalin's Line သမိုင်းဝင်ခံစစ်နေရာသည် မြောက်ဘက် Karelain Isthmus မှ တောင်ဘက်ပင်လယ်နက်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားကြောင်း ယင်းခံစစ်လိုင်းတွင် ခံစစ်နယ်မြေ ၂၃ ခုပါဝင်ပြီး အခိုင်အမာ ခံစစ်နေရာပေါင်း ၄၀၀၀ ကျော်ရှိကြောင်း၊ ဘယ်လာရုစ်နိုင်ငံအတွင်း၌ ခံစစ်နယ်မြေ လေးခုရှိပြီး အခိုင်အမာခံကတုတ် ၉၆၆ ခုရှိကြောင်း၊ ယနေ့လူငယ်များသမိုင်းကြောင်းကို သိရှိစေရန် သမိုင်းအမွေအဖြစ် အမှတ်တရ ထိန်းသိမ်းထားခြင်းဖြစ်ပြီး ယင်းခံစစ်နေရာတွင် မူလလက်ရာမပျက် တည်ဆောက်ထားသည့် ဒုတိယကမ္ဘာစစ်အတွင်းက ခံတပ်များ၊ ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ၊ စစ်လက်နက်ပစ္စည်းများ၊ ယန္တရားများအား စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ခံစစ်နေရာအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် Museum of the History of the Great Patriotic War သို့ ရောက်ရှိပြီး ယင်းစစ်သမိုင်းပြတိုက်မှ Deputy Director Mr. Vycheslax နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက စစ်သမိုင်းပြတိုက်အတွင်းလိုက်လံရှင်းလင်းပြသသည်။ အဆိုပါ စစ်သမိုင်းပြတိုက်တွင် ဒုတိယကမ္ဘာစစ်အတွင်း ရုရှားနိုင်ငံသို့ ဖက်ဆစ်နာဇီများ စတင်ကျူးကျော်ဝင်ရောက်လာပုံများ၊ တိုက်ပွဲဖြစ်ပွားမှုများ၊ ထိုအချိန်က နှစ်ဖက်တပ်များ အသုံးပြုခဲ့သည့် စစ်လက်နက်အသုံးအဆောင်ပစ္စည်းများ၊ စစ်ဝတ်စုံများ၊ ယာဉ်ယန္တရားများ၊ လေယာဉ်များ၊ စစ်ပွဲအတွင်းရုရှားတပ်များ၊ ပြည်သူများ၏ သေကျေပျက်စီးမှုများ၊ ဖက်ဆစ်နာဇီတို့၏ သုံ့ပန်းစခန်းများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ၊ ရုရှားမျိုးချစ်သူရဲကောင်းများ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ဘယ်လာရုစ်နယ်မြေအား ဖက်ဆစ်နာဇီတို့လက်အောက်မှလွတ်မြောက်စေရန် တိုက်ပွဲဝင်ခဲ့မှုများအား မျိုးချစ်စိတ်ဓာတ်နိုးကြားတက်ကြွစေရန် အစီအစဉ်တကျ ခင်းကျင်းပြသထားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် အောင်မြင်ခြင်းအထိမ်းအမှတ်ခန်းမ၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(မြဝတီ)**




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Stalin's Line ခံစစ်နေရာအတွင်း လှည့်လည်လေ့လာစဉ်။** (မြဝတီ)

# ကျောင်းသားလူငယ်အခြေပြု လူငယ်ထုဆက်သွယ်ရေးသံတမန်အဖြစ် လူရွှင်တော်ချစ်ချောအားခန့်အပ်

**ရန်ကုန် နိုဝင်ဘာ ၃**

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

ကျောင်းသား လူငယ်အခြေပြု လူငယ်ထုဆက်သွယ်ရေးသံတမန်အဖြစ် လူရွှင်တော်ချစ်ချောအား ခန့်အပ်လိုက်ကြောင်းအောက်တိုဘာ ၃၁ ညနေ ၃ နာရီက ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ပြုလုပ်သည့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)က မူးယစ်ဆေးဝါးအန္တရာယ် ဟောပြောပွဲနှင့်ကျောင်းသား အခြေပြုဆက်သွယ်ရေး သံတမန်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားမှ သိရသည်။




ကျောင်းသားလူငယ်အခြေပြု လူငယ်ထုဆက်သွယ်ရေးသံတမန်ခန့်အပ်လွှာပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဥက္ကဋ္ဌ ဦးစံရှိန်က"လူရွှင်တော်ကိုချစ်ချောကို သံတမန်အဖြစ်၊ ခန့်အပ်ရတာက အနုပညာရှင်လည်းဖြစ် ဟာသသရုပ်ဆောင်လည်းဖြစ်တဲ့အခါကျတော့ ပြည်သူကပိုချစ်တယ်၊ ဒါကြောင့် သူတို့အနေနဲ့ အနုပညာအလုပ်ကို လုပ်ရင်းနဲ့ ကျွန်တော်တို့အသင်းရဲ့ ဆောင်ရွက်ချက်လေးကို ပြည်သူတွေ သိအောင် လုပ်ပေးစေချင်တယ်။ ဒါမှ ဆေးစွဲနေတဲ့လူငယ်တွေရဲ့ မိဘတွေက ကျွန်တော်တို့အသင်းကို ဆက်သွယ်လာရင် ကျွန်တော်တို့ လုပ်ငန်းကို ပိုပြီးအောင်မြင်လာမယ်၊ ထိထိရောက်ရောက်ဆောင်ရွက်လာနိုင်မယ်"ဟု ပြောသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၄၁) ရန်ကုန်အရှေ့ပိုင်းမှ ရဲအုပ်ဆန်းဦးက "ယနေ့မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် အိမ်သုံးဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး" အကြောင်းရှင်းလင်းဟောပြောခဲ့သည်။

သံတမန်အဖြစ် ခန့်အပ်ခြင်းခံရသူ ဟာသလူရွှင်တော် ကိုချစ်ချောက "လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါး သုံးစွဲမှုပိုများလာတာ တွေ့ရတယ်။ ဒါမကောင်းဘူးလို့ ပြောရုံနဲ့ မလုံလောက်တော့ဘူး။ ဒီတော့ သူတို့ရဲ့ ဦးနှောက်အသိဉာဏ်တွေထဲကိုအကျိုးအကြောင်း၊ ဗဟုသုတနဲ့ ကျွန်တော်တို့ တတ်တဲ့လူရွှင်တော်ပညာနဲ့ ပေါင်းစပ်ပြီး လူငယ်တွေ မူးယစ်ဆေးဝါး မသုံးမိအောင်၊ မူးယစ်ဆေးရဲ့ ဒုက္ခကနေဆွဲထုတ်နိုင်အောင် အသိပညာပေးသွားမှာပါ"ဟုပြောသည်။

မူးယစ်ဆေးဝါး အန္တရာယ်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးကာကွယ်တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများအား အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း(မြန်မာ) ကလည်း မျိုးဆက်သစ်လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး လုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အသိပညာပေးလှုံ့ဆော်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်း၊ ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

# ရန်ကုန်မြို့ ထော်လီကွေ့-ပုဇွန်တောင် ကမ်းနားလမ်းတစ်လျှောက် မြို့ပတ် RBE ရထားနှင့် လျှပ်စစ်ရထားများ ပြေးဆွဲမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ထော်လီကွေ့ရထားစခန်းသို့သွားရောက်၍ ကမ်းနားလမ်း-ပုဇွန်တောင်လမ်းပိုင်း ရှေ့ပြေးအစီအစဉ်ဖြင့် RBE ရထားစမ်းသပ်မောင်းနှင်မှုကို စစ်ဆေးပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာ စီးနင်းနိုင်မည့်နေရာများတွင် ဘူတာများတည်ဆောက်ရန်နှင့် ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်အညီ ဥပမိရုပ်ကောင်းမွန်ပြီး ခေတ်မီသောဒီဇိုင်းများဖြင့် တည်ဆောက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ကမ်းနားလမ်းမှ ပုဇွန်တောင်ဘူတာသို့ RBE ရထားဖြင့် စမ်းသပ်မောင်းနှင်မှုကို စစ်ဆေးသည်။

ယင်းမြို့ပတ်ရထားလမ်းပိုင်းကို RBE ရထားစနစ်မှ လျှပ်စစ်ရထားစနစ်အထိ အဆင့်မြှင့်တင်မည်ဖြစ်ပြီး လက်ရှိ မြို့ပတ်ရထားလမ်းပေါ်ရှိ ပန်းလှိုင်ဘူတာမှတစ်ဆင့် ကမ်းနားလမ်းတစ်လျှောက်မှ ပုဇွန်တောင်ဘူတာအထိ မြို့ပတ်ရထားလမ်းအစိတ်အပိုင်းတစ်ရပ် ထပ်မံပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၁၄-၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၃ ဒသမ ၂၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၉ ဒသမ ၆၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၈၂ ဒသမ ၈၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၅၂၃ ဒသမ ၅၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၃၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၄၀ ဒသမ ၉၁ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် စက်တင်ဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၅၈ ဒသမ ၀၄ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၄၅ ဒသမ ၈၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၄၅ ဒသမ ၄၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၉၀ ဒသမ ၂၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၁၇၂ ဒသမ ၁၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၃ ဒသမ ၄၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၄၅ ဒသမ ၅၇ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၄၅၄ ဒသမ ၃၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။ **(ကြေးမုံ)**

## ပြည်တွင်းရေးရာ

**● ဒုတိယသမ္မတမှ**
အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က ဂုဏ်ပြုစကားပြောကြားပြီး ၂၀၁၆ ခုနှစ် ပထမအကြိမ် အာရှဖိတ်ခေါ်ခြင်းလုံးခတ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်ထွန်းက ပြိုင်ပွဲအသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများက အလွန်ခက်ခဲနက်ရှိုင်းလှသည့် ခြင်းပေါက်များဖြင့် ခြင်းလုံးကစားခြင်းစွမ်းရည်ကို သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဘရာဇီးနိုင်ငံမှ Mr. Pedro က ဘောလုံးကိုအသုံးပြု၍ အလွန်ခက်ခဲလှသည့် ခြင်းပေါက်များဖြင့် စွမ်းရည်ဖော်ထုတ် သရုပ်ပြဖျော်ဖြေတင်ဆက်ပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ စုစုလှိုင်က တစ်ကိုယ်တော်ခြင်းလုံးစွမ်းရည်၊ အဖွဲ့လိုက်ခြင်းလုံးစွမ်းရည်တို့ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌတို့က သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများနှင့် ဘရာဇီးနိုင်ငံမှ Mr. Pedro တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမနေ့ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းများနှင့် ဘရာဇီးနိုင်ငံမှ အမျိုးသားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ပထမအကြိမ်အာရှဖိတ်ခေါ်ခြင်းလုံးခတ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် မလေးရှား၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ ကိုရီးယား၊ ထိုင်း၊ အိန္ဒိယနှင့်ဂျပန် စုစုပေါင်း ရှစ်နိုင်ငံပါဝင်ပြီး မူလအဆင့်မျိုးကွဲပြိုင်ပွဲ၊ မူလအဆင့်မျိုးတူပြိုင်ပွဲ၊ မူလဆင့်အတွဲပြိုင်ပွဲနှင့် ဒုတိယအဆင့်မျိုးကွဲပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားလေးမျိုးကို ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲများကို နိုဝင်ဘာ ၅ ရက်အထိ ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံအားကစားရုံ (A)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**■ကျောဖုံးမှ**

ကွန်ပျူတာစနစ်အတွင်းသို့ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြမည့် အချက်အလက်ထည့်သွင်းရေးဝန်ထမ်းများအတွက် ပို့ချပေးမည့်သင်တန်းကို ရန်ကုန်မြို့ အလုံမြို့နယ်တွင် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် ကျင်းပမည်ဖြစ်သည်။ လုပ်ငန်းများ စတင်ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် (၁၀)မြို့နယ်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများက သင်တန်းတက်ရောက်ပြီးနောက် ၎င်းတို့၏ မြို့နယ်ရုံးများတွင် ကွန်ပျူတာစနစ်အတွင်းသို့ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်းခြင်းလုပ်ငန်းများ စတင်ကြမည်ဖြစ်သည်။

ဖော်ပြပါသင်တန်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ဝန်ထမ်းများကို ဆက်လက်၍ ပို့ချသွားမည်ဖြစ်သည်။ ယခုဆောင်ရွက်မည့် ကွန်ပျူတာစနစ်အတွင်းသို့ မဲဆန္ဒရှင်များ၏ အမည်စာရင်းများထည့်သွင်းခြင်းလုပ်ငန်းသည် မြို့နယ်အသီးသီးရှိ မဲဆန္ဒရှင်အရေအတွက်ပေါ်တွင်မူတည်၍ အချိန်တစ်လမှ လေးလခန့်ကြာမည်ဟု ခန့်မှန်းသည်။

၂၀၁၅ခုနှစ် ဧပြီလတွင် ကွန်ပျူတာစနစ်အတွင်းသို့ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်းခြင်းလုပ်ငန်းများ အပြီးသတ်ပြီးနောက် ကျန်လုပ်ငန်းများကို ရွေးကောက်ပွဲကျင်းပမည့်အကြောင်း မကြေညာမီ ဇူလိုင်လ ဒုတိယပတ်တွင် ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**○၂၀၁၅-၂၀၁၇ မှ**

နော်ဝေ-မြန်မာပတ်ဝန်းကျင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးစီမံကိန်း၏ အဓိကကဏ္ဍကြီး (၄)ရပ်တွင် မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် သဘာဝနယ်မြေများ စီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးတက်စေခြင်းဆိုင်ရာစီမံကိန်း၊ ဘက်စုံရေသယံဇာတ အရင်းအမြစ်များ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့်စီမံကိန်း၊ သဘာဝအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေမူဘောင်နှင့် ပင်မစီမံကိန်းများရေးဆွဲခြင်းတို့ပါဝင်သည်။

မြန်မာနိုင်ငံသည် နော်ဝေနိုင်ငံနှင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် နော်ဝေနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လာရောက်၍ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းရေးကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့မှုသည် ဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုခရီး၏ ကနဦးမှတ်တိုင်တစ်ခုဖြစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် နော်ဝေနိုင်ငံ အော်စလိုမြို့၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများထပ်မံညှိနှိုင်းခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် နော်ဝေနိုင်ငံရေးသုတေသနဌာန (NIVA) အပါအဝင် နော်ဝေနိုင်ငံရာသီဥတုနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ နေပြည်တော်သို့ လာရောက်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံဆွေးနွေးညှိနှိုင်းခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms.Ann Ollestad နှင့် သံရုံးအရာရှိကြီးများ၊ နော်ဝေနိုင်ငံ ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်အေဂျင်စီ၊ နော်ဝေရေသုတေသနဌာန၊ မိုးသစ်တောများအဖွဲ့နှင့် နော်ဝေနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ၊ မြန်မာနိုင်ငံအစိုးရဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ အသီးသီးမှ ကျွမ်းကျင်သူပညာရှင်များ၊ NGO နှင့် INGO များမှ ကိုယ်စားလှယ်များ၊ မီဒီယာအသီးသီးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ နော်ဝေအဖွဲ့အကြံပေး ဦးတင်အောင်ချိုက "မြန်မာနိုင်ငံ ထိန်းသိမ်းနေလို့ မလုံလောက်ပါဘူး။ အများပြည်သူဝိုင်းဝန်းပြီးတော့ "ပါဝင်ပူးပေါင်း၊ ပူးပေါင်းပါဝင်" ဖို့အရေးကြီးပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက "ဒီအလုပ်ရုံဆွေးနွေးပွဲမှာ အန္တရာယ်ဖြစ်စေတဲ့၊ အဆိပ်အတောက်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းများနဲ့ စပ်လျဉ်းတဲ့ အစီအစဉ်တစ်ခုကို ကဏ္ဍတစ်ရပ်အနေနဲ့ မြန်မာနိုင်ငံမှာ ရေးဆွဲနေတဲ့ မူဝါဒတွေထဲမှာ နော်ဝေနိုင်ငံမှာ အတွေ့အကြုံတွေ၊ ပါဝင်သင့်တဲ့ အချက်အလက်တွေ ပါဝင်အောင် ဒီစီမံကိန်းကနေ သုတေသနတွေလုပ်မယ်၊ သင်တန်းတွေပေးမယ်။ သင်တန်းပေးတဲ့အခါမှာလည်း သူတို့နိုင်ငံကိုလည်း ခေါ်ပေးမယ်။ ဒီမှာလည်း လာပေးမယ်။ ထူးခြားတဲ့ အချက်တစ်ခုအနေနဲ့ ဒီစီမံကိန်းအတွင်းမှာပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနရဲ့



**နော်ဝေ-မြန်မာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၁၅-၂၀၁၇ ရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။**

အနေနဲ့လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ အစီအမံများ ရေးဆွဲနိုင်ဖို့ စိတ်ဝင်တစား လေ့လာနေတာကြာပါပြီ။ အခုစီမံကိန်းကတော့ ၂၀၁၅-၂၀၁၇ သုံးနှစ်စီမံကိန်းနဲ့ ဆောင်ရွက်သွားမယ့် ပထမဦးဆုံး အစီအစဉ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် လုပ်စရာတွေအများကြီး ရှိပါတယ်။ နော်ဝေနိုင်ငံက နိုင်ငံငယ်ပေမယ့် နည်းပညာပိုင်းမှာ တော်တော်လေး ရှေ့ရောက်ပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံအတွက် အများကြီးအထောက်အကူရမှာပါ။ ဒီစီမံကိန်းတွေ အောင်မြင်ခဲ့မယ်ဆိုရင် ထပ်ပြီးတော့ ကျွန်တော်တို့ အစိုးရအနေနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းတယ်ဆိုတာဟာ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေကနေပဲ ရေးဆွဲသွားဖို့ရှိပါတယ်။ စွန့်ပစ်ပစ္စည်းများနဲ့ပတ်သက်ပြီး ဘယ်လို အစီအမံတွေ ရေးဆွဲသွားမလဲဆိုတာ အဓိက ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ အန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းတွေနဲ့ ပတ်သက်လို့ အစီအမံတွေ သီးခြားရေးဆွဲထားတာမရှိပါဘူး။ ကျွန်တော်တို့က နော်ဝေနဲ့ ဆွေးနွေးလိုက်တဲ့အခါမှာ ဒီကဏ္ဍဟာ အရေးကြီးတဲ့ ကဏ္ဍတစ်ရပ် ဖြစ်လာပါတယ်။ ဒါကြောင့် ရေရှည်စီမံကိန်းတွေ ချမှတ်ပြီး Master Plan တွေ ရေးဆွဲဖို့ရှိပါတယ်။ အမျိုးသားအဆင့်မှာ Master Plan တစ်ခုပေါ်လာမယ်။ ဒါ့အပြင် တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်တွေမှာလည်း စွန့်ပစ်ပစ္စည်းတွေနဲ့ ပတ်သက်လို့ ဘယ်လိုထိန်းချုပ်မလဲ၊ ဘယ်လိုလျှော့ချမလဲ၊ ဘယ်လိုစွန့်ပစ်မလဲဆိုတဲ့ ကောင်းမွန်တဲ့ နည်းစနစ်တွေကို တည်ဆောက်ဖို့ အဓိကဆွေးနွေးသွားမှာပါ။ စွန့်ပစ်ပစ္စည်းဆိုတာ တစ်ဦးတစ်ယောက်ကနေပဲ စွန့်ပစ်တာမဟုတ်ပါဘူး။ လူတိုင်းနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတစ်ခုပါ။ ဒါကြောင့် လူတိုင်း၊ အဖွဲ့အစည်းတစ်ခုစီတစ်ခုစီ၊ ဒေသခံအားလုံးပူးပေါင်းမှသာ ဒီစီမံကိန်းက အောင်မြင်မှာပါ။ ကဏ္ဍ (၄)ခု ပေါင်းစပ်ပြီးတော့ Joint Program Document ကို အသေးစိတ်ရေးဆွဲသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ရေဝေရေလဲအုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူး ဦးဘိုနီက "ကျွန်တော်တို့နိုင်ငံမှာ ရေသယံဇာတတွေ ဆုံးရှုံးနေတယ်။ ရေသယံဇာတတွေ မညစ်ညမ်းအောင်၊ မကုန်ခန်းအောင် ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ပိုပြီး အကျိုးသက်ရောက်မှုကောင်းအောင် နိုင်ငံတော်အဆင့်အဖွဲ့အစည်းတွေက နည်းဥပဒေ၊ မူဝါဒတွေ ရေးဆွဲနေပါတယ်။ လက်အောက်မှာ ရေသယံဇာတ ခေတ်ခွဲခန်းတစ်ခု တည်ဆောက်သွားဖို့ ရှိပါတယ်"ဟု ပြောသည်။

ထို့နောက် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်ဇော်ထွန်းက "မြန်မာနိုင်ငံမှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သဘာဝနယ်မြေများ စီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးတက်စေခြင်းဆိုင်ရာ စီမံကိန်းကို နော်ဝေနိုင်ငံပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအေဂျင်စီနဲ့ ကျွန်တော်တို့သစ်တောဌာန ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာပြည်မှာ Protective Area တွေဖြစ်တဲ့ ပုပ္ပား၊ နတ်မတောင်၊ မိုးယွန်းကြီးနဲ့ ရွှေစက်တော်ဘေးမဲ့တောများမှ အခြေခံကိန်းဂဏန်း အချက်အလက်တွေ ကောက်ယူပြီး သဘာဝနယ်မြေများ စီမံအုပ်ချုပ်လုပ်ကိုင်မှု သင်တန်းတွေကိုလည်း ပို့ချပြီး ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်မယ်"ဟု ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲမှာ နှစ်နိုင်ငံအကြား ပတ်ဝန်းကျင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြစ်မြောက်ရေးကို ဆွေးနွေးကြပြီး ထိုအလုပ်ရုံဆွေးနွေးပွဲမှ ရေသယံဇာတထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေစီမံခန့်ခွဲခြင်း၊ သဘာဝအမွေအနှစ်များ ထိန်းသိမ်းခြင်း ဘေးအန္တရာယ်စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ နယ်ပယ်များ စုစည်းပါဝင်တဲ့ Programme Document တစ်ရပ် ပြုစုသွားမည်ဖြစ်ကြောင်း၊ Programme Document အပေါ် အခြေခံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (Memorandom of Understanding-MoU) တစ်ရပ်ကို ရေးထိုးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ ကျင်းပ


**ပြင်ဦးလွင် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားရှေ့ ကွင်းပြင်၌ ယနေ့ ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနား မစတင်မီ ညနေ ၄ နာရီမှစတင်ကာ ပါဝင်ယှဉ်ပြိုင်မည့် အသင်းအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များသည် အခမ်းအနားကျင်းပရာ ပြိုင်ကွင်းသို့ ရိုးရာတေးသံသာများ တီးမှုတ်ကခုန်ကာ တပျော်တပါး နေရာယူကြသည်။ အခမ်းအနားကို ညနေ ၅ နာရီခွဲတွင် ၂၀၁၆ ခုနှစ် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ဦးစီးကော်မတီနာယက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ပွဲတော်ဖွင့်လှစ်ကြောင်း ကြေညာကာ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မီးရှူးမီးပန်းများ တစ်ပြိုင်နက် ပစ်ဖောက်ပြီး ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်စာတန်းကို မီးထွန်းညှိသည်။ ဆက်လက်၍ မီးပုံးပျံငယ် အလုံး ၁၂၀၀ ကို လွှတ်တင်ပြီး ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ စီစဉ်ထားသည့် စိန်နားပန်မီးပုံးပျံဖြင့် တာဝတိံသာနတ်ပြည်မှ စူဠာမဏိစေတီတော်ကို ရည်မှန်းပူဇော်ကာ မီးပုံးပျံလွှတ်တင်သည်။

ဆက်လက်၍ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြသည်။ ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်သည် ၂၀၀၅ ခုနှစ်မှစတင်ကာ နှစ်စဉ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ဒသမအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲသို့ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ရပ်ကွက်အသီးသီးမှ လူငယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေ့အရုပ်အလှမီးပုံးပျံ အလုံး ၆၀၊ စိန်နားပန် မီးပုံးပျံ ၂၅ လုံး၊ ညမီးကျည်မီးပုံးပျံ ၁၈ လုံး စုစုပေါင်း ၁၀၃ လုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **ဇေယျာ(မိုင်ရာ)**



**စိန်နားပန်မီးပုံးပျံဖြင့် တာဝတိံသာနတ်ပြည်မှ စူဠာမဏိစေတီတော်ကို ရည်မှန်းပူဇော်စဉ်။**

# လောက်ကိုင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှတပ်ဖွဲ့ဝင်များ၊ မှုခင်းတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ကိုးကန့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက်က လောက်ကိုင်မြို့ တောင်ညီနောင် ဂေါက်ကွင်းအနီးတွင် လောက်ကိုင်မြို့ဘက်မှ ရန်လုံကျိုင်း ကျေးရွာဘက်သို့ လီသိုင်းချန်(ခ) လီဗင်ကျွမ်း(ခ)လီယိလုံ မောင်းနှင် လာသည့် Crown Royal Saloon ယာဉ်အားရှာဖွေရာ ယာဉ်နောက်ခန်း ထိုင်ခုံပေါ်ရှိ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာ တွင် အသုံးပြုသည့် WY အသား တံဆိပ်ပါ ၄ ဒသမ ၅ လက်မခန့်ရှိ သံမိုအချောင်း ၃၀ အားသိမ်းဆည်း ရမိခဲ့သည်။**(အပေါ်ယာပုံ)**



စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သူ လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေး ရွာအုပ်စု ကျုံကျိုင်းကျေးရွာနေ တွမ်စီး၏ နေအိမ်အားရှာဖွေရာ ကျောက်ကျင့်မြင့်(ခ)ကျောက်ဖူကျင့် (ခ)ကျော်မျိုးထက်၊ ပယ်တီး(ခ)ညီညီ နိုင်၊ အာညို(ခ)ရှမ်းလေးနှင့်ကျူးကျား ဝေ(ခ) ကျားဝေတို့အားတွေ့ရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၀ ပြား၊ စိတ်ကြွဆေးပြားအမှုန့် ၆ ဒသမ ၅၆၅ ကီလို၊ အိုက်စ် ၆၀ ဂရမ်၊ အက်ဖီဒရင်းမှုန့် ၃ ကီလို၊ အရောင်တင်အရည် တစ်လီတာ၊ လျှပ်စစ်မီးဖို တစ်ခု၊ ချိန်ခွင် တစ်ခု၊ စတီးဆန်ခါသုံးခု၊ Nail စာတန်းပါ ဆေးမှုန့်မွှေစက် တစ်လုံး၊ ဖန်ချောင်း တစ်ချောင်း၊ ဒန်ဇလုံ တစ်လုံးတို့အား သိမ်းဆည်းရမိသဖြင့် လီသိုင်းချန် (ခ) လီဗင်ကျွမ်း (ခ) လီယိလုံ(၂၀)နှစ်၊ ကျောက်ကျင့်မြင့်(ခ)ကျောက်ဖူကျင့် (ခ)ကျော်မျိုးထက်(၂၄)နှစ်၊ ပယ်တီး (ခ)ညီညီနိုင် (၄၃)နှစ်၊ အာညို(ခ) ရှမ်းလေး (၃၀)နှစ်၊ ကျူးကျားဝေ(ခ) ကျားဝေ(၂၀)နှစ်နှင့် တွမ်စီးတို့ ခြောက်ဦးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရွှေညောင်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၈ ပြားသိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် နိုဝင်ဘာ ၁ ရက်က ရွှေညောင်မြို့နယ် ပန်းတောကျေးရွာနေ မောင်အုံး၏နေအိမ်အားရှာဖွေရာ ၎င်းနှင့်အတူ မောင်ခိုင်အား တွေ့ရပြီး မောင်အုံး၏အိပ်ရာခေါင်းအုံးအောက်မှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၈ ပြားနှင့် မောင်ခိုင်ဝတ်ဆင်ထားသော အနွေးအင်္ကျီအိတ်အတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၅၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၄၈ ပြားနှင့် ငွေကျပ် နှစ်သိန်းတို့အား သိမ်းဆည်းရမိသဖြင့် မောင်အုံး အသက်(၄၄)နှစ်နှင့် မောင်ခိုင် အသက်(၃၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# ပျဉ်းမနားမြို့မဈေးကြီးနှင့် ယုဇနဈေး သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန၏ ကွပ်ကဲမှုဖြင့် ပျဉ်းမနားမြို့မဈေးကြီးနှင့် ယုဇနဈေးများတွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးလုံခြုံရေးနှင့် ဈေးကြီးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများ လုံခြုံရေး အတွက် လိုက်လံစစ်ဆေးခြင်း စနစ်တကျဆောင်ရွက်ထားရှိခြင်း၊ ရေစီးရေလာ ကောင်းမွန်ရန် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ခြင်ဆေးများ ပက်ဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)** **(ဇော်မင်းအောင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်း အကွက်အမှတ်(၁၇/ရန်အောင်မြောက်)၊ ဦးပိုင်အမှတ်(၁၃၅င/၄) ဧရိယာ(သုည ဒသမ ၁၂၄)ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ထိုမြေပေါ်တွင် တည်ဆောက်ထားသော ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၄၄၇) လိပ်စာရှိအိမ်အား လယ်ဝယ်ရှိသူ ဦးသာအေး(ခ)ဦးသန်းအောင်နှင့် ဇနီးဒေါ်ခင်မျိုးဆွေတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပြီး နောက် ဦးပိုင်အမည်ပြောင်းရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ပါအိမ်ဝင်းခြံမြေအား မရောင်းပိုင်၊ မဝယ်ပိုင်ဟု ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ၁၀-၁၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ဝင်းခြံမြေအား အမည်ပြောင်းခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဇော် LL.B.,Dip.in French
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၆၀)

ဒေါ်ပိုးနှင်းပွင့်အောင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၂၂)

ဒေါ်မေသူမြင့် LL.B.,LL.M
(စဉ်/၂၈၅၉၄)

ဦးနေတူး LL.B
(စဉ်/၂၉၂၂၆)

ဒေါ်အေးမော်မော်ထွန်း LL.B
(စဉ်/၃၆၇၇၃)

(အထက်တန်းရှေ့နေများ)
EUREKA LEGAL SERVICES
အမှတ်(၁၀/၄၄)၊ မောင်ခင်လမ်း
ရွှေချီရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့။



## ဇေယျာသီရိ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်၍ သစ်ပင်များပြိုလဲ

**နေပြည်တော်   နိုဝင်ဘာ   ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စုအတွင်း ရန်ကုန်-မန္တလေး လမ်းမကြီး (လမ်းဟောင်း)မိုင်တိုင်အမှတ်(၂၆၀) နှင့်(၂၆၃)အကြား နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီခန့်တွင် မိုးနှောင်းမိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းများ ပြင်းထန်စွာတိုက်ခတ်ခြင်းတို့ကြောင့် လမ်းမတစ်လျှောက် သစ်ပင်သစ်ကိုင်းများကျိုးကျပြိုလဲခဲ့ရာ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းရှင်းလင်းပေးခဲ့သည်။ သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုကြောင့် နှစ်ဖက်ယာဉ်ကြော တစ်မိုင်ခန့်အထိ ယာဉ်ကြောပိတ်ဆို့ခဲ့ပြီး ညနေ ၅ နာရီခန့်ရောက်မှသာ ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ခဲ့ကြောင်း သိရသည်။

**(ရာမည)**

## မန္တလေးမြို့ ဈေးချိုအနီး (၂၈) လမ်းကို နှစ်လမ်းမောင်းသတ်မှတ်ပြီးနောက် ယာဉ်ကြောများ ပိုမိုရှုပ်ထွေး

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးဈေးချိုအနီး (၂၈) လမ်းကို နှစ်လမ်းမောင်း သတ်မှတ်ပြီးနောက် ယာဉ်ကြောများ ပိုမိုရှုပ်ထွေးနေကြောင်း သိရသည်။ မန္တလေးဈေးချိုအနီး (၂၈) လမ်းသည် ယခင်တစ်လမ်းမောင်း သတ်မှတ်စဉ်ကတည်းက ယာဉ်ကြောရှုပ်ထွေးခဲ့ပြီး ယခုအခါ (၂၈) လမ်းကို နှစ်လမ်းမောင်းသတ် မှတ်ပြီးနောက် ယာဉ်ကြောများ ပိုမိုရှုပ်ထွေးနေကြောင်း သိရသည်။**(ယာပုံ)**



မန္တလေးဈေးချိုအနီး (၂၈) လမ်းတွင် မန်းမြန်မာပလာဇာသို့ လာရောက်သောကားများ၊ နယ်မှလာသော ကားများ၊ လိုင်းကားများ၏ စည်းကမ်းမရှိ ယာဉ်နှစ်ထပ် ရပ်နားထားမှုများ၊ တစ်နေကုန် ကားများ နေရာရွှေ့ခြင်းမရှိဘဲ ရပ်နားထားမှုများ၊ ဈေးချိုအနီးတွင်လည်း ထရပ်ကားကြီးများနှင့် လိုက်ထရပ်ကားကြီးများ၏ ကုန်တင်ကုန်ချပြုလုပ်နေမှုတို့ကြောင့် ယာဉ်ကြောများ ပိုမိုရှုပ်ထွေးနေကြောင်း သိရသည်။ မန္တလေးဈေးချိုအနီး (၂၈)လမ်းသည် ညနေပိုင်း ဈေးချိုမှ ဈေးသိမ်းချိန်တွင် ယာဉ်ကြောအလွန် ရှုပ်ထွေးလျက်ရှိပြီး ယာဉ်ကြောရှုပ်ထွေးမှုများ အမြန်ဆုံးလျော့ကျစေရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ စီမံဆောင်ရွက်ချက်များကို မန္တလေးမြို့သူမြို့သားများက မျှော်လင့်နေကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## နိုင်ငံတော်အကြီးအကဲ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို ထိခိုက်စေသည့်အတွက် မြန်မာသံတော်ဆင့်ဂျာနယ်အား တရားဥပဒေနှင့်အညီ တရားစွဲဆိုမည်

၁။ ၉-၈-၂၀၁၄ ရက်နေ့ထုတ်ဝေသော မြန်မာသံတော်ဆင့်ဂျာနယ် အတွဲ ၃၊ အမှတ်(၂၂) စာမျက်နှာ (၃၀) ပါ အံ့ခေါင်မင်း၏ နိုင်ငံရေးတွေ့ဆုံမေးမြန်းခြင်းကဏ္ဍတွင် ကောက်စာနှင့်အတွင်းစာသားတို့၌ နိုင်ငံတော်သမ္မတအား ဂုဏ်သိက္ခာထိခိုက်စေပြီး၊ အကြည်ညိုပျက်စေသည့်**“နိုင်ငံတော်သမ္မတသည် အထွတ်အထိပ်၊ အဲဒီပုဂ္ဂိုလ်တစ်ယောက်ရဲ့ စကားက ကပြောင်းကပြန်၊ ဗလောင်းဗလဲ၊ ဟိုပြောဒီပြော၊ ဘရွတ်ရွတ်တ၊ ပေါက်ပန်းလေးဆယ်၊ ကလေကချေ၊ ကလေကဝ၊ ကျွန်တော်စကားလုံး ထပ်ရှာလို့ရရင် အကုန်ထည့်သုံးမှာ၊ အရည်မရ၊ အဖတ်မရ၊ ပေါက်လွှတ်ပဲစား ပြောသလို ဖြစ်နေတာ”** ဟု လည်းကောင်း၊ ဆောင်းပါးစာသားတွင်လည်း **“ဘာကြောင့်မို့လို့ ရူးကြောင်မူးကြောင် အတွေးတွေကို ဘယ်သူတွေ ထည့်ပေးလို့ ဘယ်လိုမျိုး စနစ်မကျတဲ့၊ ဘာမှမဟုတ်တဲ့ အပေါစား ပေါ်လစီတွေ ချမှတ်ပြီးတော့ အခုလို လုပ်နေလဲဆိုတာ စဉ်းစားလို့ကို မရဘူး”** စသည့် အသုံးအနှုန်းများကိုလည်းကောင်း ရေးသားဖော်ပြခဲ့သဖြင့် သက်ဆိုင်ရာ ဂျာနယ်အနေဖြင့် စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ညှိနှိုင်းဖြေရှင်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)သို့ အကြောင်းကြားခဲ့ပါသည်။

၂။ မြန်မာသံတော်ဆင့်ဂျာနယ်အနေဖြင့် ထိုကဲ့သို့ နိုင်ငံတော်သမ္မတ၏ ဂုဏ်သရေကို ထိခိုက်စေသည့် ပြောဆိုချက်များကို ရေးသားဖော်ပြခဲ့သည့်အတွက် ပြန်လည်တောင်းပန်စာကို မြန်မာသံတော်ဆင့်ဂျာနယ်နှင့် နိုင်ငံပိုင်သတင်းစာများတွင် (၂)ကြိမ်ဖော်ပြပေးရန် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှတစ်ဆင့် ညှိနှိုင်းခဲ့ပါသည်။

၃။ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၏ အငြင်းပွားမှုနှင့်တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီက ဂျာနယ်နှင့် ဆွေးနွေးပြီး ဂျာနယ်က တောင်းပန်စာကိုတစ်ကြိမ်သာ ထည့်သွင်းပေးမည်ဖြစ်ကြောင်းနှင့် ထည့်ပေးမည့် တောင်းပန်စာမူကြမ်းကို ပူးတွဲ၍ ပေးပို့ခဲ့ပါသည်။ အဆိုပါ ပေးပို့လာသည့် တောင်းပန်စာဖော်ပြပေးမည့်အကြိမ်အရေအတွက်နှင့် တောင်းပန်စာတွင် ဖော်ပြပေးမည့်အရေးအသားများသည် ဂျာနယ်က မူလဖော်ပြခဲ့သည့် နိုင်ငံတော်သမ္မတအား ဂုဏ်သိက္ခာထိခိုက်စေပြီး အကြည်ညိုပျက်စေသည့် ရေးသားချက်များနှင့်နှိုင်းယှဉ်ပါက ထိရောက်လုံလောက်စွာ ချေဖျက်ပေးနိုင်ခြင်းမရှိသည့်အပြင် အခြားပုဂ္ဂိုလ်များကိုပါ ထပ်မံထိခိုက်ပုတ်ခတ်ရာရောက်သည့် စာသားများပါဝင်နေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ ဂုဏ်သိက္ခာနှင့်အခွင့်အရေးကို ထိခိုက်စေသည့်အတွက် မြန်မာသံတော်ဆင့်ဂျာနယ်အား တရားဥပဒေနှင့်အညီ တရားစွဲဆိုရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဗဟိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်

**ပဲခူး   နိုဝင်ဘာ   ၃**

ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဗဟိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်က ပဲခူးမြို့အထက(၁)ရှိ သီရိပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်း၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးနွယ်နှင့် ပညာရေးဝန်ထမ်းများ၊ ပြိုင်ပွဲဝင်ကျောင်း ၁၅ ကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။**(အောက်ပုံ)**   **(၀၇၅)**



## ကျေးဇူးတင်လွှာ

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီမှ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် တစ်ခုတည်းသော နိုင်ငံတကာစံချိန်မီ အရုပ်/အသံ ပါသည့် CD, DVD 5, DVD 9, DVD 10 အချပ်များ ထုတ်လုပ်ကူးယူနိုင်သော "Info 9 စက်ရုံ" အား (၁.၁၁.၂၀၁၄) ရက်နေ့ တွင် ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးခဲ့သော ဧည့်ပရိသတ်များနှင့်တကွ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသော ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသိန်းအောင် နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ (မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

## မန္တလေးမြို့တွင်ယခင်နှစ်များထက် အိမ်ငှားခ ဈေးနှုန်းများ ပိုမိုမြင့်တက်လာ

**မန္တလေး၊ နိုဝင်ဘာ ၃**

မန္တလေးမြို့ ဆင်ခြေဖုံးရပ်ကွက်များတွင် အိမ်ငှားခများ ယခင်နှစ်များထက် ပိုမိုဈေးမြင့်လာခဲ့ရာ တစ်လလျှင် ထရံကာ၊ သွပ်မိုးကို အနည်းဆုံး ငွေကျပ်ခြောက်သောင်းခွဲမှ ရှစ်သောင်းခွဲထိ၊ ရိုးရိုးနံကပ်တိုက် ပေ ၂၀× ၆၀ ကို ငွေကျပ်သုံးသိန်း မှ လေးသိန်းထိ၊ RC သုံးထပ်တိုက်တွင် ခြံကျယ်ပါကို တစ်လလျှင် ခြောက်သိန်းမှ ၁၁ သိန်းထိရှိကြောင်း သိရသည်။

ယင်းအပြင် ကားဂိတ်များ၊ ဈေးများ၊ Shopping Center များ၊ ဘုတာများ၊ ကျောင်းများနှင့် မြို့ထဲသို့ အလွယ်သွားနိုင်သော နေရာများနှင့်နီးလျှင် အိမ်ငှားခ ဈေးနှုန်းမှာ ပိုမိုပေးရသည်။

မန္တလေးမြို့ ဆင်ခြေဖုံးရပ်ကွက်များတွင်လည်း တစ်နှစ်ထက် တစ်နှစ် အိမ်ငှားရမ်းမှုများ ပိုမိုများပြားလာသည်နှင့်အညီ အိမ်၊ ခြံ၊ မြေငှားရမ်းသည့် လုပ်ငန်းရှင်များကလည်း အိမ်ငှားခများကို ပိုမိုဈေးမြင့်လာခဲ့သည်။

မန္တလေးမြို့တွင် လူနေထူထပ်လာသည်နှင့်အမျှ ပိုက်ဆံရှိသူများ၊သူဌေးများနှင့် လုပ်ငန်းပိုင်ရှင်များသာ မြို့လယ်ခေါင်နယ်မြေများတွင်နေအိမ်များ ဝယ်ယူငှားရမ်း နေထိုင်နိုင်ကြပြီး ပိုက်ဆံမရှိသူများ၊ အခြေခံလူတန်းစားများနှင့် လက်လုပ်လက်စားများကမူ မြို့ထဲတွင် အိမ်များဝယ်ယူငှားရမ်းနေထိုင်နိုင်ခြင်း မရှိဘဲ မြို့သစ်၊ စက်မှု၊ ထွန်တုံး၊ အောင်ပင်လယ်နှင့် မြို့စွန်မြို့ဖျားတွင်သာ ဝယ်ယူငှားရမ်းနိုင်ကြသည်။ **မောင်ပြည်သူ(မန္တလေး)**



## မကွေးတွင် တောင်သူများ ဝင်ငွေနှစ်ဆရရှိနိုင်မည့် သီးထပ်သီးညှပ်စိုက်ပျိုးရာ ဖြစ်ထွန်းအောင်မြင်

**မကွေး၊ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မြင်ကွန်းတိုက်နယ်ကျေးရွာများဖြစ်ကြသော မီးသေ၊ ဒဟတ်တော၊ တပ်ကုန်း၊ အင်းနက်၊ အင်းနက်ကုန်းကျေးရွာများတွင် မိုးအကြိုကာလကစိုက်ပျိုးသည့် နှမ်းများ၊ ပဲခင်းများတွင် ပြောင်းဖူး၊ ပဲစင်းငုံနှင့် ပဲကြီးများကို ကြားညှပ်စိုက်ပျိုးကြပြီး မိုးနှောင်းကာလများတွင်လည်း ပဲတီစိမ်းစိုက်ခင်းများကြားတွင် ပြောင်းဖူး၊ ရွှေနီပြောင်းများ စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မိုးဦးကာလက နှမ်းတို့ မြေပဲတို့ကြားမှာ ပြောင်းဖူးနဲ့ ပဲစင်းငုံ တစ်ခါတည်းထည့်စိုက်တယ်။ ပေါင်းထိုးချိန် ကြောင်းတင်ချိန်မှာ ပဲကြီးထည့်စိုက်တယ်။ ပြောင်းဖူးထည့်စိုက်တော့ လူစာအပြင် နွားစာလည်း အထူးအထွေ မရှာရတော့ဘူး။ မိုးတွင်းကာလ မိုးလေဝသအခြေအနေမမှန်တော့ နှမ်းထွက်နည်းတယ်။ ယခင်နှစ်က နှမ်းတစ်ရာ့သုံးဆယ်လောက် သိမ်းရတယ်။ ယခုနှစ်မှာ နှမ်းက ခြောက်ဆယ်ခုနစ်ဆယ် လောက်ပဲသိမ်းရတယ်။ ပဲကြီးတို့ ပဲတီစိမ်းတို့ ပဲစင်းငုံတို့နဲ့ ရွှေနီပြောင်းတွေက ဆောင်းရာသီနှမ်းနဲ့ အောင်ကြတာဖြစ်တော့ မိုးနှစ်မိုးသုံးမိုး ကောင်းကောင်းရွာရင် ရေအဝင်ကောင်းသလို ကုန်ထွက်နှုန်းလည်း ကောင်းတယ်။ မနှစ်က ပဲတီစိမ်းခြောက်ဆယ်လောက်ရတယ်။ ယခုနှစ် အပင်တွေက ဖြစ်ထွန်းအောင်မြင်တာ ကောင်းတော့ မနှစ်ကစံချိန်ထက် ပိုနိုင်ပါတယ်။ သီးထပ်သီးညှပ်စိုက်ပျိုးတော့ လူစာနဲ့နွားစာ မပူပင်ရတော့ဘူး။ ဝင်ငွေလည်း တစ်သီးရှုံးပေမယ့် တစ်သီးကဝင်ငွေကောင်းတော့ ကိုင်းဆင်းတဲ့အခါ အရင်းအနှီး ပိုထည့်ပြီး စိုက်ပျိုးနိုင်မှာပါ" ဟု တပ်ကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တစ်ရပ်တွင် စိုက်ပျိုးရေးနည်းစနစ်များ သစ်ဆန်းလာသည်နှင့်အမျှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားထား၍ စိုက်ပျိုးကြသော တောင်သူများ၏ဝင်ငွေများလည်း သီးထပ်သီးညှပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေနှစ်ဆ ရရှိနိုင်မည်ဖြစ်သည်။

ယခုအခါ စိုက်ပျိုးရေးနည်းစနစ်များ သစ်ဆန်းလာသကဲ့သို့ တောင်သူကြီးများလည်း အမြင်ကျယ်လာကြသည်။ တစ်ခါ ထွန်ယက်စိုက်ပျိုးလျှင် နှစ်မျိုးစိုက် တစ်သီးရိတ်ပြီး နှစ်မျိုးဝင်ငွေရရှိစေရန် သီးထပ်သီးညှပ် စိုက်ပျိုးနည်းစနစ်ကို ပိုမိုတွင်ကျယ်စိုက်ပျိုးလာကြောင်း သိရသည်။

**ခွဲထက်ရှင်**

## ပုဗ္ဗသီရိမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ တီဘီ ရောဂါရှိသူများကို ကွင်းဆင်းရှာဖွေ စစ်ဆေးကုသပေး

**နေပြည်တော်၊ နိုဝင်ဘာ ၃**

ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းနှင့် Global Fund တို့ ပူးပေါင်းမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကိုးသပြေကုန်းကျေးရွာတွင် တီဘီရောဂါဟု သံသယရှိသော လူနာများကို ဓာတ်မှန်ကားဖြင့် ကွင်းဆင်းရှာဖွေစစ်ဆေး၍ ကုသမှုကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ကြည်ကြည်လှ ဦးဆောင်မှုဖြင့် တီဘီအဖွဲ့ခေါင်းဆောင် ဒေါက်တာထွန်းကျော်စိုး၊ မန္တလေးတီဘီဇုန်မှ ဒေါက်တာ မြတ်ကျော်သူနှင့် ကျန်းမာရေးဝန်ထမ်း ၂၀ ဦးပါဝင်သောအဖွဲ့သည် ကိုးသပြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ရပ်မိရပ်ဖများ၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပါကျေးရွာရှိ တီဘီသံသယရှိလူနာ ၁၅၀ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးရှာဖွေ၍ ရောဂါတွေ့ရှိသူများအား အခမဲ့ဆေးဝါးကုသမှုပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းနှင့် Global Fund တို့ ပူးပေါင်း ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၏ ကျေးရွာများသို့ တီဘီရောဂါ ကွင်းဆင်းရှာဖွေ စစ်ဆေးကုသမှု Mobile Team ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှပ**

ပြည့်စုံချမ်းသာ အထပ်မြင့်လူနေအိမ်ရာ အမှတ်(၂)

ဒီနေရာတွေကို (၁၀)မိနစ် အတွင်း ရောက်နိုင်ပါသည်။

- TTC(လှိုင်)
- International School of Myanmar (ISM)
- ဘုရင့်နောင်ပွဲရုံများ
- သီရိမင်္ဂလာကုန်စိမ်းဈေး
- စိန်ဂေဟာ
- City Mart
- Juction 8
- လှည်းတန်း
- ဝိတိုရိယဆေးရုံ
- သုခကမ္ဘာဆေးရုံ



- ရန်ကုန်မြို့၏အချက်အချာကျသော လှိုင်မြို့နယ်တွင် တည်ရှိခြင်း။
- တစ်ဦးတည်းပိုင် ဂရန်မြေအမျိုးအစားပေါ်တွင် တည်ဆောက်ထားခြင်း။
- အင်းစိန်လမ်းမကြီး၊ ဗဟိုလမ်းမကြီး၊ ပါရမီလမ်းမကြီးတို့မှ လွယ်ကူစွာ ဝင်ထွက် သွားလာနိုင်ခြင်း။
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမိန့် (Green Board) ရရှိပြီး အဆောက်အအုံတစ်ခုလုံး၏( ၃၀ ) % ပြီးစီးနေခြင်း။
- တစ်ထပ်လျှင် (၄)ခန်း (လေးပွင့်ဆိုင်လေးခန်း) သာပါသည့် ၈ ဒွိ ထပ် အဆောက်အအုံဖြစ်သည့် အတွက် သဘာဝအလင်းရောင် နှင့် လေဝင်လေထွက် ကောင်းစွာရရှိခြင်း။
- တစ်ခန်းလျှင် ကားတစ်စီးစာ Parking အပိုင်ရရှိခြင်း။
- တိုက်တစ်လုံးလျှင် ဓါတ်လှေကား(၂)စင်း၊ရိုးရိုးလှေကား(၂)စင်းပါဝင်ခြင်း။
- အသင့်နေထိုင်နိုင်ရန် ပြင်ဆင်ပေးထားခြင်း။
- အခန်းများကို အရစ်ကျစနစ်ဖြင့် စတင်ရောင်းချပေးနေပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အပြီးတည်ဆောက်ပါမည်။

KM & MST Construction Group မှ တာဝန်ယူတည်ဆောက်သည်။

အမှတ် (၆၅၁)၊ ဒေါ်မြနှစ်လမ်း နှင့် မဟာဆွေလမ်းထောင့်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ပြည့်စုံချမ်းသာအရောင်းခန်းမ အမှတ် (၁၉)၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ - ၂၅၃ ၃၅၂ ၈၈၁ ၊ ၀၉ - ၂၅၃ ၃၅၂ ၈၈၂၊ ၀၉ - ၅၀၈၀၈၅၅

အားကစား

# ဘွန်ဒက်လီဂါအသင်းများကို ချဉ်းကပ်ကြည့်ခြင်း

ပြီးခဲ့သည့် အုပ်စုပွဲစဉ်-၃ မှာ ဘွန်ဒက်လီဂါအသင်း လေးသင်းစလုံး နိုင်ပွဲ ကိုယ်စီ ရမှတ်အပြည့်ရခဲ့သည်။ လေဗာကူဆင်၊ ဒေါ့မွန်၊ ဘိုင်ယန်မြူနစ်တို့ အုပ်စု ပထမနေရာမှ ရပ်တည်နေပြီး ရှော်ကေးတစ်သင်းသာ အုပ်စု ဒုတိယနေရာ ရောက်ရှိနေသည်။ အုပ်စုပွဲ သုံးပွဲကစားအပြီး ဘွန်ဒက်လီဂါအသင်းများ ရလဒ်ကောင်းများရရှိပြီး အခြေအနေကောင်းနေသည်ဟု ပြောနိုင်သည်။ ပွဲစဉ် ၄ မှာ အောင်မြင်မှုရလဒ်ကောင်းတွေကို ဆက်ထိန်းနိုင်မှာလား စိတ်ဝင်စားစရာဖြစ်နေပါသည်။

**ဇင်းနစ်-လေဗာကူဆင် ည ၁၁း၃၀ (၄-၁၁-၂၀၁၄)**

အုပ်စုပွဲစဉ်-၃ အိမ်ကွင်းမှာ နှစ်ဂိုးပြတ်အနိုင်ယူပြီး အုပ်စု(C)ကို ထိပ်ဆုံးမှ ဦးဆောင်ခွင့်ရနေသည့် လေဗာကူဆင် နောက်တစ်ဆင့်တက်ခွင့်ရရေးအတွက် ယခုဇင်းနစ်အိမ်ကွင်းပွဲကိုလည်း ဂရုတစိုက်အားထည့်ရန်းမှာ ဖြစ်ပါသည်။ လေဗာကူဆင်သည် သရေတစ်မှတ်ရရင်တောင် နောက်တစ်ဆင့်အတွက် အလားအလာကောင်းမှာဖြစ်၍ အနိမ့်ဆုံးသရေပွဲရအောင် ကြိုးစားကစားပါလိမ့်မည်။

**ဒေါ့မွန်-ဂါလာတာစာရေး နံနက် ၂း၁၅ (၅-၁၁-၂၀၁၄)**

အုပ်စုပွဲစဉ် သုံးပွဲစလုံးနိုင်ပွဲရထားသည့် ဒေါ့မွန်အသင်း နောက်တစ်ဆင့် သေချာမည့်ရလဒ်တစ်ခုကို ယခုအိမ်ကွင်းပွဲမှာ အရယူနိုင်အောင် ကြိုးစားဦးမည်ဖြစ်ပြီး ချန်ပီယံလိဂ်မှာ ခြေစွမ်းထက်နေသည့်ဒေါ့မွန်တို့ အောင်ပွဲဆက်မည့်ပွဲဖြစ်ပါသည်။

**ဘိုင်ယန်မြူးနစ်-ရိုးမား နံနက် ၂း၁၅ (၆-၁၁-၂၀၁၄)**

အီတလီမြေပေါ်မှာ ခုနစ်ဂိုးသွင်းကာ ဂိုးပြတ်အနိုင်ရယူခဲ့သည့် ဘိုင်ယန်မြူနစ်အသင်းအိမ်ကွင်းမှာ ပြိုင်ဘက်ကို ဘယ်လိုပုံစံနှင့် ပြန်ပြီး ဧည့်ခံကစားပေးမလဲဆိုသည်မှာ စိတ်ဝင်စားစရာဖြစ်နေပါသည်။ အိမ်ကွင်းပွဲဖြစ်၍ ဘိုင်ယန်မြူးနစ်အသင်း ထိန်းပြီး နိုင်ပွဲရအောင် ကစားသွားဖွယ်ရှိနေသည်။

**စပို့တင်းလစ္စဘွန်း-ရှော်ကေး နံနက် ၂း၁၅ (၆-၁၁-၂၀၁၄)**

အုပ်စုပွဲကစားအပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိ၊ ရမှတ် ငါးမှတ်ရရှိ ထားသည့် ရှော်ကေးအသင်း ယခုပေါ်တူဂီမြေပေါ်ကစားရမည့် ပွဲမှာလည်း အမှတ်ရအောင် အားထည့်ရုန်းမည်မှာ သေချာနေသည်။

**ဝင်းထွန်းဦး**



# တောင်ပံကစားသမား ဂါရတ်ဘေးလ် ရီးယဲလ်နှင့်အတူ လေ့ကျင့်ရေးဆင်းပြီ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် လီဗာပူးအသင်းအား အိမ်ကွင်းဘာနေဗျူးတွင် ဧည့်ခံကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်မတိုင်မီတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ လေ့ကျင့်ရေးပြန်လည်ဆင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဝေလကြယ်ပွင့် ဂါရတ်ဘေးလ်သည် တင်ပဆုံကြွက်သားဒဏ်ရာပြဿနာကြောင့် လီဗာပူးအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် လွဲချော်ခဲ့သည့် အပြင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပွဲစဉ်ငါးပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့ခြင်းမရှိခဲ့သူဖြစ်သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ဂါရတ်ဘေးလ်ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည့်အပြင် နောက်ဆုံးယှဉ်ပြိုင် ကစားခဲ့သည့် ပြိုင်ပွဲအားလုံးတွင်လည်း ၁၁ ပွဲအထိနိုင်ပွဲရရှိထားခဲ့သည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ် အုပ်စုအဆင့်တွင်လည်း နိုင်ပွဲသုံးပွဲရရှိထားခြင်းကြောင့် အုပ်စုထိပ်ဆုံးမှ ရပ်တည်နေပြီး အခြားသောအုပ်စုတွင် အသင်းသုံးသင်းကိုလည်း ခြောက်မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် လက်ရှိတွင် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာပြီ ဖြစ်သောကြောင့် နိုဝင်ဘာ ၁၆ ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဝေလအသင်း၏ ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင် ဂါရတ်ဘေးလ်ပါဝင်လာမည်ဖြစ်ကြောင်းလည်း ဝေလလက်ထောက်နည်းပြဖြစ်သူ အိုဆီယန်ရောဘတ်က ပြောကြားခဲ့သည်။

**ငွေကြယ်**

# မန်ချက်စတာဒါဘီပွဲစဉ် အနိုင်ရရှိခဲ့ခြင်းမှာ ပရီမီယာလိဂ်ဖလားမျှော်လင့်ချက်ဟု ဇာဘာလက်တာဖွင့်ဟ



မန်ချက်စတာမြို့ခံပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့သည် ပရီမီယာလိဂ်ပွဲစဉ်(၁၀)အဖြစ် မန်စီးတီးအသင်း၏ အိမ်ကွင်း အီတီဟက်ဒ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက တိုက်စစ်မှူးအဂူရို၏ ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်တွင် သွင်းယူပေးခဲ့သည့် သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တိုက်စစ်မှူး အဂူရို၏ သွင်းဂိုးသည် မန်စီးတီးအသင်းနှင့်အတူ ၎င်းပါဝင်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ ထိပ်တိုက်ဆုံတွေ့ခဲ့သည့် ပွဲစဉ်ခုနစ်ပွဲတွင် ခြောက်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ မန်ချက်စတာဒါဘီပွဲစဉ်တွင် မန်ယူအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် မန်စီးတီးနောက်ခံလူ ဇာဘာလက်တာက အဆိုပါနိုင်ပွဲသည် မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလားရရှိရေးမျှော်လင့်ချက်တစ်ခုဖြစ်ကြောင်းဖွင့်ဟပြောကြားခဲ့သည်။

လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ချယ်လ်ဆီးအသင်းသည် ပွဲစဉ်(၁၀)အပြီးတွင် နိုင်ပွဲရှစ်ပွဲ၊ သရေ နှစ်ပွဲဖြင့် ရှုံးပွဲမရှိ စံချိန်တင်ကာ ရမှတ် ၂၆ မှတ်ရရှိထားကာ အမှတ်ပေးဇယားထိပ်က ဦးဆောင်နေသည်။ ၎င်းနောက်တွင် ဆောက်သမ်တန်အသင်းသည် ၁၀ ပွဲကစား ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၂၂ မှတ် ရရှိကာ အမှတ်ပေးဇယားဒုတိယနေရာမှ ရပ်တည်လျက်ရှိပြီး မန်စီးတီးအသင်းမှာမူ ၁၀ ပွဲကစား ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၂၀ ရရှိထားကာ အမှတ်ပေးဇယား၏ တတိယနေရာက ရပ်တည်နေသည်။ ထို့ကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းကိုမီရန် ခြောက်မှတ်သာလိုတော့ခြင်းကြောင့် မန်စီးတီးနောက်ခံလူ ဇာဘာလက်တာက မန်ယူအသင်းအား အနိုင်ရရှိခဲ့ခြင်းသည် မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလားရရှိရေး မျှော်လင့်ချက်ရောင်ခြည် သန်းလာခြင်းဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

**နိုင်လင်းကြည်**






# ခရီးသည်တင်ရေယာဉ်ကြီးများ ခရီးသည်လိုက်ပါစီးနင်းမှုနည်းသော်လည်း ဝင်ငွေကောင်း

**ဖျာပုံ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့သည် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာခရီးသည်များ မော်တော်ကားလမ်းခရီးကို အဓိကထားသွားလာလျက်ရှိသော်လည်း ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် သယ်ယူပို့ဆောင်ခ သက်သာခြင်း၊ ကုန်ပစ္စည်းများ အပျက်အစီးနည်းပါးခြင်းနှင့် အရေအတွက်များစွာ တစုတစည်းတည်း သယ်ယူပေးနိုင်မှုတို့ကြောင့် နှစ်ထပ်ရေယာဉ်ကြီးများလုပ်ငန်းအဆင်ပြေဝင်ငွေကောင်းလျက်ရှိကြောင်း ဖျာပုံမြို့ရှိ ရေယာဉ်ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

တစ်ချိန်က ဖျာပုံမြို့မှ ရန်ကုန်သို့ နေ့စဉ်ထွက်သည့် ပုဂ္ဂလိကနှစ်ထပ်ရေယာဉ်တစ်စင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သုံးထပ်ရေယာဉ်တစ်စင်းတို့တွင် ခရီးသည်နှင့် ကုန်ပစ္စည်းများတင်ဆောင်နိုင်သည့် အရေအတွက်နှင့် ကုန်တန်ချိန်ထက်ပင်များနေ၍ အခါအားလျော်စွာ ရေယာဉ်များအစားထိုးတိုးချဲ့ပြေးဆွဲပေးခဲ့ရသည်။

ယခုအခါ ရေယာဉ်ကြီးများဖြင့် ခရီးသည်စီးနင်းသွားလာမှုနည်းပါးသွားသော်လည်း ဖျာပုံမှ ရန်ကုန်သို့ နေ့စဉ် ပုဂ္ဂလိကနှစ်ထပ်ရေယာဉ်တစ်စင်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးမှ ဧရာဝတီရေယာဉ်တစ်စင်းတို့တွင် ဒေသထွက်ဆန်အိတ်တစ်နေ့ ပျမ်းမျှ ၃၀၀၀ ကျော်၊ ဘဲဥအလုံးရေတစ်သိန်းကျော်မှ နှစ်သိန်းအတွင်း၊ ပင်လယ်ထွက်ငါးများ၊ မျှင်ငါးပိနှင့် ရေချိုငါးပိပုံးများ၊ ငါးခြောက်လိပ်များဖြင့် ဝင်ငွေကောင်းလျက်ရှိကြောင်း နေ့စဉ် ဘဲဥတင်ပို့နေသူဦးမျိုးမြင့်ထံမှ သိရသည်။

ဆန်ကုန်သည်တစ်ဦးက "ရန်ကုန် ကုန်စည်ဒိုင်များအရောက် ဆန်အိတ်ကို ကားနှင့် တင်ပို့နိုင်ပေမယ့် အခါအားလျော်စွာ စျေးအနိမ့်/အမြင့်ရှိနေတော့ စျေးကွက်စုံစမ်းပြီးမှ အရောင်းအဝယ်လုပ်ရတော့ ကားနဲ့ အဆင်မပြေဘူး။ ရေယာဉ်နဲ့တင်ပို့တဲ့အခါ ဖျာပုံမှာဆိုရင်လည်း ဆန်စက်အရောက် ရေယာဉ်ကပ်ပြီး တင်ဆောင်ပေးသလို၊ ရန်ကုန်မှာရေယာဉ်ကြီးတွေက နှစ်ည၊ သုံးညအိပ်ပြီး ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားပေးတော့ ဆန်အိတ်တွေ ရေယာဉ်ပေါ်မှာ ထားပြီး ရန်ကုန်စျေးကွက်တွင်မဟုတ်ဘဲ နယ်အသီးသီးစျေးကွက်တွေပါ စုံစမ်းစောင့်ဆိုင်းပြီး အရောင်း၊ အဝယ်လုပ်တော့ ဆန်အိတ်တွေခေတ္တအသုံးပြုတဲ့ သိုလှောင်ရုံခနဲ့ အလုပ်သမားခ၊ အခြားဝန်ဆောင်စရိတ်တွေ မကုန်တော့ ရေယာဉ်နဲ့သာ အဆင်ပြေပါတယ်"ဟု ပြောပြသည်။

ပုဂ္ဂလိကရေယာဉ်ကြီးများကဲ့သို့ တန်ဆာခ တူညီသော်လည်း ဧရာဝတီရေယာဉ်များက ကုန်ပစ္စည်းတင်ဆောင်သူတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုမပေးနိုင်၍ ကုန်ပစ္စည်းများ လက်ခံရရှိမှုနည်းပါးကြောင်း ဖျာပုံရေကြောင်းပို့ဆောင်ရေးရုံး မန်နေဂျာထံမှ သိရသည်။

အခါအားလျော်စွာ ဆန်စျေးကွက်ကောင်းချိန်၊ ပင်လယ်ငါးပုစွန်များ အမိ၊ အရများချိန်၊ အုန်းငှက်ပျောရာသီတို့တွင် ပုံမှန်ထွက်နေကျ ရေယာဉ်များအပြင် ပုဂ္ဂလိကတစ်ထပ်ရေယာဉ်များ၊ စက်တပ်သမ္ဗန်ရေယာဉ်များနှင့် ပဲ့ထောင်ရေယာဉ်များဖြင့် စီးပွားရေးမြို့တော် ရန်ကုန်စျေးကွက်များဆီသို့ စီးပွားရေးသမားတို့ အကျိုးအမြတ်ပိုမိုရရှိရေး အချိန်မီ သယ်ယူပို့ဆောင်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**(အောင်ဝင်း-ဖျာပုံ)**

■

## မှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**ရန်ကုန်၊ နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်သပြေညို ပညာဒါနအကျိုးတော်ဆောင်အသင်းမှ ကွန်ပျူတာ သင်တန်းသူ၊ သင်တန်းသားများအား အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက ထောက်ကြန့် ဒုရဲအုပ်နိုင်ဇော်လှမှ မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မှုခင်းအကြောင်းများ သိကောင်းစရာများနှင့်ပတ်သက်၍ သင်တန်းသူတစ်ဦး၏ မေးမြန်းချက်များကို ဒုရဲအုပ်နိုင်ဇော်လှမှ ပြန်လည်ဖြေကြား၍ ညနေ ၃ နာရီအချိန်တွင် ဟောပြောပွဲပြီးမြောက်ကြောင်း သိရသည်။

**ဌေးကြိုင်**

## စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့၌ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသော ပစ္စည်းများ ဖမ်းဆီးရမိ

**မင်းကင်း၊ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့၊ အောင်တေဇကွက်သစ်အမှတ်(၃)ရပ်ကွက်တွင် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်လမ်းညွှန်ချက်ဖြင့် ဒုတိယရဲအုပ် ဘိုဘိုဝင်းထွဋ်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ မင်းကင်းမြို့၊ အောင်တေဇကွက်သစ်အမှတ်(၃) ရပ်ကွက်နေ ဦးအောင်နိုင်လင်း(ခ) အောင်အောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ခြံဝင်းအတွင်းမှ ဘိန်းဖြူဟုယူဆရသော နီဝါရောင်အမှုန့် အလေးချိန် သုည ဒသမ ၄၀၈၂၄ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး၊ အိမ်ခန်းအတွင်းမှ ပင်နီဆီလင်ပုလင်းခွံတစ်လုံး၊ အနက်ရောင်ခေါက်ချိုးပိုက်ဆံအိတ်အတွင်းမှ ငွေစက္ကူရောရာ ၂၀၅၀၀၀ ကျပ်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသော ပလပ်စတစ်ရောင်စုံပိုက် ၂၁ ခုတို့အား ရှာဖွေတွေ့ရှိရသဖြင့် သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းကာ ဒုတိယရဲအုပ် ဘိုဘိုဝင်းထွဋ်က တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

အဆိုပါ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ အောင်နိုင်လင်း(ခ)လင်းလင်း ၃၀ နှစ်နှင့် မချိုတူးမာ ၂၈ နှစ် အမှတ်(၃)ရပ်ကွက်၊ မင်းကင်းမြို့နေသူများကို မင်းကင်းရဲစခန်းက မူးယစ်(ပ)၂/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)အရ ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**




### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
### စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်း 27 Items
(ခ) ရေဒီယိုလုပ်ငန်းသုံးပစ္စည်း 21 Items

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၁၁-၂၀၁၄ ရက်မှ ၁၉-၁၁-၂၀၁၄ ရက်နေ့အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၁-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါ အဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ ပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**
**နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးအသားသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

နိုဝင်ဘာ (၅/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

Speaking နှင့် ၅ တန်းမှ ၁၀တန်းထိ ပိုင်း/ Guide / အိမ်လိုက်သင်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
01-375970, 0951 72096, 0925 4541441



# လယ်ယာသုံးစက်ပစ္စည်း ဝယ်ယူအသုံးပြုသူများ တိုးပွားလာ



**ရေစကြို၊ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် အတွင်း၌ လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားရှားပါးလာမှုမှာ တစ်နှစ်ထက်တစ်နှစ် ကြီးထွားလာလျက်ရှိသောကြောင့် လုပ်ငန်းခွင်အခက်အခဲများနှင့် ကြုံလာကြရာ လယ်ယာသုံးစက်ပစ္စည်းကိရိယာ ထွန်စက်အမျိုးမျိုး၊ ရိတ်သိမ်းခြွေလှေ့စက် အမျိုးမျိုးတို့ကို ဝယ်ယူအသုံးပြုသူနှင့် အငှားလိုက်သူများ တိုးပွားလာကြောင်းသိရသည်။

"ကျွန်တော်တို့နယ်က လူငယ်အတော်များများက ဒေသမှာရှိတဲ့ ထန်းလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ရိုးရာလက်မှုကုန်ထုတ်လုပ်ငန်းများမှ စွန့်ခွာပြီး နိုင်ငံရပ်ခြား တိုင်းပြည်တွေကို သွားရောက်အလုပ်လုပ်ကိုင်သူတွေ များလာသလို အမျိုးသမီးများကလည်း ငွေပိုရတဲ့ မြို့ပေါ်ကအလုပ်တွေသွားလုပ်ကြတော့ လယ်ယာလုပ်ငန်းခွင်မှာ လုပ်သားရှားပါးတဲ့ ပြဿနာတစ်နေ့တခြား ကြီးထွားလာတယ်။ ခုအချိန်က မိုးစပါးရိတ်သိမ်းချိန်ဖြစ်တာ့ လုပ်သားတွေ ပိုပြီးလိုအပ်လာတယ်။ မြို့နယ်အတွင်းမှာ မိုးစပါးဧက ၃၀၀၀၀ ကျော် ရိတ်သိမ်းကြတော့မယ်။ မိုးစပါးအပြီး နောက်တစ်သီးကလည်း ရာသီအမီ စိုက်နိုင်ဖို့က ပိုပြီးအရေးကြီးသေးတယ်။ ဒါကြောင့် စက်ကိရိယာခြွေလှေ့စက်ကို ၇၆ သိန်းပေး ဝယ်ထားရတယ်။ ကိုယ်တိုင်လည်းသုံး အငှားလည်းလိုက်ပါတယ်။ အငှားလိုက်တဲ့နှုန်းကတော့ တစ်ဧက စပါး ၁၃ တင်းနှုန်းဖြစ်ပါတယ်" ဟု ကျောက်ခတ်ကျွန်းကျေးရွာမှ ဦးမောင်ဟန်က ပြောသည်။

ယင်းဒေသတွင်စက်ဖြင့် ထယ်ခွဲနှုန်းမှာ တစ်ဧက ၂၅၀၀၀ ကျပ်နှင့် မြေမှုန့်ဆုံးလုံးမွှေခ တစ်ဧက ၁၅၀၀၀ ကျပ်ဖြစ်ကြောင်း စက်အငှားလိုက်နေသော ကံဦးရွာမှ ဦးရဲထွန်းက ပြောသည်။ **ဖေထွေးဏ်းဇော်**

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေး ဟောပြော

**ရန်ကုန်၊ နိုဝင်ဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၄၅၊ ရန်ကုန်-ပြည်လမ်းမကြီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြန့်)တွင် အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီခွဲ၌ 'သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေး' ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် KNOWLEDGE SPACE (K.S) မှ ဦးမိုးနိုင် (Managine Director) က လူသားတို့၏ လူမှုဘဝကို ထိခိုက်စေသော ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သစ်ပင်များမှ အကျိုးပြုပုံ စသည့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဆိုင်ရာများကို အမျိုးသမီးကလေးများ သင်တန်းကျောင်းရှိ သင်တန်းသူများအား Projector ဖြင့် ရှင်းလင်းပြသ ဆွေးနွေးခဲ့သည်။

ယင်းနောက် ဟောပြောဆွေးနွေးမှုများအပေါ် သင်တန်းသူများ၏ စိတ်ပါဝင်စားမှုကို ဆန်းစစ်သောအနေ ဖြင့် တာဝန်ရှိသူများက မေးခွန်းများ မေးမြန်းခဲ့ပြီး ထူးချွန်သူလေးဦးအား ဆုလက်ဆောင်ပေးအပ်၍ သင်တန်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို Total E&P Myanmar က ကြီးမှူးပြုလုပ်ပြီး ဆွေးနွေးဟောပြောပွဲ သို့ အမျိုးသမီးကလေးများသင်တန်းကျောင်း (ထောက်ကြန့်) ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းထွေး၊ ဆရာများ၊ ဝန်ထမ်းမိသားစုများ၊ Total E&P Myanmar မှ တာဝန်ရှိသူများ၊ သင်တန်းသူများတက်ရောက်ခဲ့ကြသည်။ **မောင်ယဉ်ဦး(ဒလ)**

## မြေသားလမ်းများဖောက်လုပ်ရန် တင်ပြမှု ကွင်းဆင်းကြည့်ရှု

**မော်လမြိုင်ကျွန်း၊ နိုဝင်ဘာ ၃**

မော်လမြိုင်ကျွန်းမြို့နယ်၌ မြင်းကျွန်းကျေးရွာမှ ပန်းမောက်ခုံ ကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းနှင့် ဂုံညှင်းတန်းကျေးရွာမှ ပန်းမောက်ခုံကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် မြေသားလမ်းများဖောက်လုပ်ရန် တင်ပြထားမှုများကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးကိုနှင့် ဝန်ထမ်းများက မြေသားလမ်းဖောက်လုပ်ရမည့် နေရာများကို ကွင်းဆင်းကြည့်ရှုကြကြောင်းသိရသည်။

ယင်းမြင်းကကုန်း-ပန်းမောက်ခုံ မြေသားလမ်းမှာ ပေအရှည် ၄၂၀၀ နှင့် ဂုံညှင်းတန်း-ပန်းမောက်ခုံ မြေသားလမ်း ပေအရှည် ၃၅၀၀ ဖောက်လုပ်မည့် လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဒေါင်းရေကျော်-မြင်းကကုန်းကျေးရွာအုပ်စု၊ ဂုံညှင်းတန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ **မော်ကျွန်းမြင့်အောင်**

## ချင်းတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်(Tho) ကျင်းပ

**ဟားခါး၊ နိုဝင်ဘာ ၃**

ချင်းတိုင်းရင်းသားလူမျိုးများ၏ ရိုးရာနှစ်သစ်ကူးပွဲတော် တစ်ခုဖြစ်သော ( Tho ) ပွဲတော်ကိုအောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ (CARSON HALL ) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ Rev, Paul Tum Ceu က အဖွင့်ဆုတောင်း၍ ဂုဏ်တော်မြှင့်တင်သော ချင်းရိုးရာ VaHla သေနတ်ပစ်ဖောက်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောရာတွင် တိုင်းရင်းသားလူမျိုးများ တစ်ရာကျော် စုပေါင်းနေထိုင်ကြသည့် မိမိတို့နိုင်ငံတွင် နေရာဒေသအလိုက် နှစ်သစ်ကူးပွဲတော်ကို ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတိုင်းက မိမိတို့နိုင်ငံနှင့်လူမျိုး သမိုင်းတစ်လျှောက်ဖြစ်ထွန်းတည်ရှိခဲ့သော ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုများကို အစဉ်အလာမပျက်အားလုံးက ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ချင်းရိုးရာနှစ်သစ်ကူးပွဲတော်တွင် စိတ်ကြိုက်ဖက်ရှင်၊ ရိုးရာဝတ်စုံဖက်ရှင်ရှိုး၊ သီချင်းနှင့် ချင်းရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြခဲ့ကြကြောင်း သိရသည်။ **ချင်းပြည်နယ်(ပြန်/ဆက်)**


### အထူးသတင်းကောင်း

အသည်းနှင့်အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ၊ မီးယပ်ဆိုင်ရာ ကင်ဆာရောဂါများအတွက် ၈-၁၁-၂၀၁၄ရက်တွင် အထူးအစီအစဉ်ရှိပါသည်။

စုံစမ်းမေးမြန်းရန်

**ZAW MAUNG MEDICAL SERVICES**

**01-527930, 09-5154047, 09-421081127, 09-73191864**

### ရောင်းမည်

လယ်ဧက(၅၀)
ပြည်လမ်းမဘေး၊
တိုက်ကြီးမြို့နယ်။
ဖုန်း-၀၉-၅၁၂၄၇၂၀၊ ၀၉-၈၇၄၁၆၈၈

### ကားစီးလုံးငှားသည်။

ဘုရားဖူးပဲသွားသွား.......အပျော်ခရီးပဲထွက်ထွက်....
အချိန်ပိုင်းပဲလိုလို........ CRANE
518474, 095094914, 0943164788

### ၂၄-၁၀-၂၀၁၄ရက် အမည်ပေါက် ဒေါ်မိမိကြီးနှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းတင်ပြခြင်း

ကျွန်တော် မောင်အေးသိန်း(TGKN-၀၁၅၅၁၅၁) အမှတ်(၅၂)၊ နှင်းဆီးကုန်းလမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း-၅၃၊ မြေကွက်အမှတ်-၁/ဆ၊ အလျား ၂၅ပေ× အနံပေ၅၀ဟူ၍ ကျွန်တော် မောင်အေးသိန်းပိုင်မြေမှာ အလျား၂၅ပေ×အနံပေ၅၀ဖြစ်ကြောင်း ၂၄-၁၀-၂၀၁၄ရက်တွင် ကြော်ငြာခဲ့ခြင်းကို ပြန်လည်ပြင်ဆင်၍ မှားယွင်းဖော်ပြချက်ကို ပြန်လည်ပြင်ဆင်၍ ရှင်းလင်း တင်ပြခြင်းဖြစ်ပါသည်။ ၂၄-၁၀-၂၀၁၄ရက် ကြော်ငြာပါပေ(၅၀×၅၀)အစား အလျား ၂၅ပေ×အနံပေ၅၀ဟူ၍ ပြန်လည်ကြော်ငြာပေးခြင်းဖြစ်ပါသည်။

ဦးအေးသိန်း
**TGKN**-၀၁၅၅၁၅၁
အမှတ်-၆၈/၇၀၊ ၉၃-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးအောင်ကျော်စိုး [၃/ဘအန(နိုင်)၀၁၁၈၂၇]နှင့် ဒေါ်အေးအေးမြင့် [၃/ဘအန(နိုင်)၀၃၄၉၅၆]တို့၏သား မောင်စိုးသီဟ [၁၂/ရပသ(နိုင်)၁၃၉၆၃၀]အား ဤကြော်ငြာပါသည့်နေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ပါသည်။
ဦးအောင်ကျော်စိုး-ဒေါ်အေးအေးမြင့်

### ကောင်းသောအခွင့်အလမ်း

SILICON TECHNOLOGIES MYANMAR LIMITED
Part-time Job @ mobile phone and home and Internet cafe European Based IT Company

ကျွန်တော်တို့၏ ကုမ္ပဏီမှာ Part-time အလုပ်လုပ်ဖို့ လူလိုပါသည်။ တစ်နေ့ကို ၁ နာရီ အလုပ်လုပ်ရမည်။ ကျောင်းသား/သူများ၊ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကိုယ်ပိုင်လုပ်ငန်းရှင်များ။ ကျွန်တော်တို့ ကုမ္ပဏီမှ အလုပ်ကိုယူ၍ အိမ်မှာနေ၍ဖြစ်စေ၊ သင်ရောက်ရာအရပ်၌ဖြစ်စေ၊ internet ရှိရုံဖြင့် အလုပ်လုပ်နိုင်သည်။ internet သုံးတတ်ရမည်။ Basic Computer တတ်ရမည်။ အလုပ်လုပ်တဲ့ အစိတ်အပိုင်းကို ကုမ္ပဏီမှ သင်ကြားပေးမည်။



Contact time - 9:00 a.m to 6:00 p.m.
အမှတ် ၃၇၊ ရွှေညီဇာယ်၊ ဘိုကလေးဈေးလမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph: 09-30355261, 09-420312878, 09-32117867
(A) ရုံးခွဲ (သုဝိုင်း) 09-428024228
(B) ရုံးခွဲ (ကျောက်တံတား) 01-242215
(C) ရုံးခွဲ (မကွေး) 09-440225502

# မြန်အောင်မြို့ လွတ်လပ်ရေးကျောက်တိုင်နှင့် ပြည်သူ့ရင်ပြင်ဖွင့်ပွဲ ကျင်းပ

**မြန်အောင်၊ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်၊ ရုံးလမ်းနှင့် ဗောဓိပင်လမ်းထောင့်တွင် တည်ဆောက်ခဲ့သော မြို့ရင်ပြင်နှင့် လွတ်လပ်ရေးကျောက်တိုင် ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်၌ ကျင်းပခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးတက်ရောက်အားပေးခဲ့ကြောင်း သိရသည်။



မြန်အောင်မြို့အမှတ်(၁)ရပ်ကွက်၊ ရုံးလမ်းနှင့် ဗောဓိပင်လမ်းထောင့်တွင် ရှေးအစဉ်အလာ 'နေခြည်ကွင်း' ဟုခေါ်ဆိုသော မြို့မြေ (နိုင်ငံတော်က စီမံခန့်ခွဲသည့် မြေလွတ်မြေလပ်) ရှိခဲ့သည်။ ယခုအခါ အောင်ဇေယျခန်းမ တည်ရှိရာမြေနေရာနှင့် စုပေါင်းရုံးတည်ရာ မြေဖြစ်သည်။ စုပေါင်းရုံးတည်ရာရှေ့ရှိ မြေကွက်လပ်ကို မြို့ရင်ပြင်တည်ဆောက်ပြီး လွတ်လပ်ရေးကျောက်တိုင်ကိုပါ ထည့်သွင်းတည်ဆောက်ခဲ့ရာ ယခုအခါမြို့၏ ကျက်သရေဆောင်နေရာအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီက မြို့ပေါ်ရှိ သံဃာတော်အပါး ၂၀ က ပရိတ်တရားတော်များ ချီးမြှင့်ခဲ့ကြပြီး လွတ်လပ်ရေးကျောက်တိုင်အား တာဝန်ရှိသူများက ဖွင့်လှစ်ခဲ့ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ရင်ပြင်ကမ္ပည်းမော်ကွန်းအား ဖွင့်လှစ်ပေးခဲ့သည်။

ပြည်သူ့ရင်ပြင်နှင့် လွတ်လပ်ရေးကျောက်တိုင်ဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများတက် ရောက်ခဲ့ကြသည်။

မြန်အောင်မြို့၊ မြို့ရင်ပြင်နှင့်လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နံနက် ၇ နာရီက ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီတို့က ပန္နက်တင်ကာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ **နေဝင်းဇော်(မြန်အောင်)**

# တွံတေးမြို့နယ်တွင် ကမ်းပြိုမှု၌ပါဝင်သောအိမ်ထောင်စုများအား ဆန်နှင့် အိမ်ဆောက်ပစ္စည်းများထောက်ပံ့ပေးအပ်

**တွံတေး၊ နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ မင်ဘောစုကျေးရွာနှင့် တွံတေးတူးမြောင်းမြစ်စုံ၌ စက်တင်ဘာ ၁၄ ရက်က ကမ်းပြိုခဲ့ရာ ကမ်းပြိုမှုတွင်ပါဝင်သော အိမ်ထောင်စုများအား လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ ဆန်နှင့် အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွန်းနိုင်နှင့် ကမ်းပြိုမှုတွင် ပါဝင်ခဲ့သော အိမ်ထောင်စုများ တက်ရောက်ကြောင်း သိရသည်။

မင်းဘောစုကျေးရွာ ကမ်းပြိုမှုတွင်ပါဝင်သော အိမ်ခြေ ၁၇ လုံး၊ အိမ်ထောင်စု ၆၆ ဦးတို့အတွက် ဆန်သုံးရက်စာအတွက် ၅၃၁၀၀ ကျပ်၊ ပျဉ်ထောင်ထရံအိမ်ငါးလုံးအတွက်ငွေကျပ် ၂၅၀၀၀၀ ကျပ်နှင့် ဝါးခနီအိမ် ၁၂ လုံးအတွက် ငွေကျပ် ၂၄၀၀၀၀ ကျပ်၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ ၄၉၀၀၀၀ ကျပ်အား ကမ်းပြိုမှုတွင်ပါဝင်သော မိသားစုများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ငါးသယံဇာတတိုးပွားရေး မြင်းမူမြို့နယ် လက်ပံဆည်အတွင်း ငါးသားပေါက် ကောင်ရေ တစ်သိန်းခွဲကျော် ငါးမျိုးစိုက်ထည့်

**မြင်းမူ၊ နိုဝင်ဘာ ၃**

ငါးသယံဇာတတိုးပွားရေးအတွက် စစ်ကိုင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မြစ်ချောင်း ဆည်တမံများအတွင်း ငါးမျိုးများ စိုက်ထည့်လျက်ရှိရာ မြင်းမူမြို့နယ် လက်ပံဆည်အတွင်းသို့ အောက်တိုဘာ ၃၁ ရက်က ငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲကျော် ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ မြင်းမူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြောင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ၊ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ညွှန့်မေ၊ မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဒေသခံပြည်သူများက လက်ပံဆည်အတွင်း ငါးသားပေါက်များ စိုက်ထည့်ခဲ့ကြသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်းကောင်ရေတစ်သိန်းနှင့် ငါးခုံးမကောင်ရေငါးသောင်းကျော်တို့ကို စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ**

# တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)က ထုတ်ဝေသည့် တောင်တွင်းကြီး မော်ကွန်းစာအုပ် ရန်ကုန်စာမူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားပြုလုပ်

**ရန်ကုန်၊ နိုဝင်ဘာ ၃**

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) က ထုတ်ဝေသည့် တောင်တွင်းကြီးမော်ကွန်းစာအုပ်တွင် စာမူများရေးသားပါဝင်ခဲ့သည့် ရန်ကုန်စာမူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က မရမ်းကုန်းမြို့နယ်၊ ရန်ကုန်စွယ်တော်မြတ်စေတီပရဝုဏ်အတွင်းရှိ သုဂတောဓမ္မာရုံ၌ နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူး၊ မော်ကွန်းစာအုပ်တာဝန်ခံအယ်ဒီတာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး) က ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြား၍ တောင်တွင်းကြီး မော်ကွန်းစာအုပ်တွင် ပါဝင်ရေးသားခဲ့ကြသည့် ဆရာကြီးအောင်သင်း၊ မောင်ကျေးဇူး၊ ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းတင်အေး၊ ထုံးအိုင်သာ၊ ကိုဘိုကွန့်ကြီး၊ တိုးတိုး(တောင်တွင်း)၊ အောင်အောင် (LCCI)၊ ဒေါက်တာတိုးလှ၊ ရဲထွဋ်နီ၊ မော်မော်သင်း၊ ဦးတင်လှ(သစ်တော)၊ ညိုဝင်းရှင်၊ ဒုဗိုလ်မှူးကြီး သောင်းထိုက်နှင့် ဦးကံညွှန့်(ပါရမီ)စသည့် ရန်ကုန်စာမူရှင်များအား အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)၊ အသင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်ဇေယျ (ငြိမ်း)နှင့် ပါမောက္ခဌာနမှူး ဒေါက်တာကြည်ကြည်ဦး(ငြိမ်း) တို့က ဂုဏ်ပြုမှတ်တမ်းလွှာ၊ မော်ကွန်းစာအုပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မော်ကွန်းစာအုပ်တွင် စာရေးဆရာ ၁၂၇ ဦး၏ မှတ်သားဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာပေါင်း ၁၂၇ ပုဒ်ပါရှိပြီး စာမျက်နှာ ၄၄၀ ကျော်ပါရှိကာ စာအုပ်တန်ဖိုးမှာ ၅၀၀၀ကျပ်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃C၊ မြေကွက်အမှတ် V-၁၂၇၊ မြေကွက်တည်နေရာအမှတ်(၈၀)၊ ဆင်ရေကန်လမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊ ဦးကျွက်နှင့် ဒေါ်ဒွေးဖြူ အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျွက်နှင့်ဒေါ်ဒွေးဖြူတို့နှစ်ဦးစလုံးကွယ်လွန်ပြီး သမီး ဒေါ်ဖွားညွှန့်အပိုကြီးဘဝဖြင့် ကွယ်လွန်ပြီး သမီးဒေါ်မြစိန်နှင့်ခင်ပွန်း ဦးအောင်ညွှန့်တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးအေးသောင်း [၁၂/အလန(နိုင်)၀၁၉၉၂၂]အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၄၆၈/၉- ၅-၁၄ဖြင့် ဒေါ်ကျင်အေး[၁၂/တတန(နိုင်)၁၀၉၇၂၅]အား လွှဲအပ်၍ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ မှတ်ပုံတင်၊ ဂရန်တို့တင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၅၃၆/က)၊ မြေကွက်တည်နေရာအမှတ်(၅၃၆/က)၊ သူရ(၃)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှအောင်ထံမှ ပိုင်ဆိုင်စာချုပ်(၂၃၀၂/၁၄) ၁၉-၅-၁၄ဖြင့် ဦးအုံးချစ်[၁၂/ဥကတ(နိုင်)၀၂၇၁၅၅]၊ ဒေါ်ပြုံးပြုံးနိုင်[၁၂/သကတ(နိုင်)၀၂၇၀၅၂]တို့ကရရှိခဲ့ပြီး ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ပြုံးပြုံးနိုင်မှ ပါဝါပေးသူသက်ရှိ ထင်ရှားရှိကြောင်း ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ ၄၅၁၄/၄-၄-၂၀၁၄နှင့် ဂရန်ပျက်စီးပျောက်ဆုံးကြောင်း ရပ်ကွက်/မြို့နယ် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်(မိတ္တူ)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပထမအကြိမ် သူနာပြုနှင့် သားဖွားဒီပလိုမာအောင်လက်မှတ် ပေးအပ်ပွဲ ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

**ဟားခါး၊ နိုဝင်ဘာ ၃**

သူနာပြုသင်တန်းကျောင်း၊ ဖလမ်းမြို့၏ ပထမအကြိမ် သူနာပြုနှင့်သားဖွားဒီပလိုမာ အောင်လက်မှတ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက ဖလမ်းမြို့ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ရာ ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျန်ပေါင်၊ ပြည်နယ်ဥပဒေချုပ် ဦးကပ္ပတီအယ်လ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအုန်းလွင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းစီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ သူနာပြုနှင့်သားဖွားဒီပလိုမာဘွဲ့ရရှိသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို ဆက်လက်ကျင်းပရာ သူနာပြုနှင့် သားဖွားဒီပလိုမာ ဘွဲ့ရရှိသူများကို ကျောင်းအုပ်ဆရာမကြီးက အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖလမ်းမြို့နယ် ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်စစ်ဆေးခဲ့ရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအုန်းကျော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် စက်အသစ်တပ်ဆင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖလမ်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ ဆောက်လုပ်မှုအခြေအနေနှင့် လုံပီးကျေးရွာအစိုးရစိုက်ပျိုးရေးသိပ္ပံကျောင်း ဆောက်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကာ စံချိန်စံညွှန်းနှင့် အညီ သတ်မှတ်ကာလအတွင်း ဆောက်လုပ်ပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**

## နိဗ္ဗာန်ယာဉ်၊ ကရဝိက်ဖောင်၊ ယွန်းယောင်ကျူး မြပုခက် နာရေးကူညီမှုအသင်းသို့ လှူဒါန်း

**ရန်ကုန်၊ နိုဝင်ဘာ ၃**

အင်းစိန်မြို့နယ် ကွက်သစ် မာလာရာမဘုန်းတော်ကြီးကျောင်းတိုက်၊ စိန်ရတနာ နာရေးကူညီမှုအသင်းရုံးခန်းမ၌ ဘဒ္ဒန္တစန္ဒဝံသအား အမှူးထား၍ ဦးကျော်သန့်နှင့် မိုးကုတ်ယောဂီများ၊ မိုးကုတ်ရိပ်သာ၊ အဖွဲ့ခွဲ (၁၅၇)၊ ဓမ္မိကာရာမပေါက်တောကျောင်းတိုက်၊ မြို့သစ် (က+ခ)၊ အင်းစိန်မြို့ ယောဂီများမှ ပေးဆပ်သူတို့ ဆုံစည်းရာ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ နိဗ္ဗာန်ယာဉ် (Super Custom Hiace) တစ်စီး၊ ဘုန်းတော်ကြီးများ ဈာပနတွင် အသုံးပြုသည့် ကရဝိက်ဖောင်တစ်စီး၊ ယွန်းကျူး မြပုခက်တစ်ခုတို့ကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းအခမ်းအနားတွင် ကွက်သစ် မာလာရာမဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ အလှူရှင်များကိုယ်စား ဦးကျော်သန့်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် နာရေးကူညီမှုအသင်း နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**မြင့်ဦး(အင်းစိန်)**

# မန္တလေးမြို့သို့ နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှု ယခင်နှစ်ထက် ပိုမိုများပြားလာ

**မန္တလေး၊ နိုဝင်ဘာ ၃**

ယခုနှစ် ခရီးသွားရာသီတွင် မန္တလေးမြို့သို့ လာရောက် လည်ပတ်သည့် ပြည်ပ နိုင်ငံများမှ နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားလာကြောင်း သိရသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားများသည် ပြည်တွင်း၊ ပြည်ပမှ လေကြောင်းလိုင်းများဖြင့် လာရောက်လည်ပတ်မှုများ ရှိသကဲ့သို့ ရေကြောင်းမှလည်း အပျော်စီးသင်္ဘောများဖြင့် လာရောက်လည်ပတ်ကြကြောင်း သိရသည်။

မန္တလေးမြို့သို့လာရောက် လည်ပတ်ကြသည့် ခရီးသွားဦးရေသည် ယမန်နှစ် စက်တင်ဘာလအထိ ၄၅၉၂၅ ဦး ရှိပြီး ယခုနှစ် စက်တင်ဘာလတွင် ၅၉၀၂၇ ဦးထိ ရှိလာရာ နိုင်ငံခြားခရီးသွားဝင်ရောက်မှုသည် ၂၉ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း သိရသည်။

မန္တလေးမြို့သို့ ယခုနှစ် စက်တင်ဘာလအထိ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသွားများတွင် တရုတ်နိုင်ငံသားများ ဝင်ရောက်မှု ၂၃၀၀၀ ဦး (၃၉ ရာခိုင်နှုန်း)၊ ထိုင်းနိုင်ငံသားများ ဝင်ရောက်မှု ၁၃၉၀၀ ဦး (၂၃ ရာခိုင်နှုန်း)၊ ပြင်သစ် နိုင်ငံသားများ ဝင်ရောက်မှု ၃၁၄၄ ဦး (၅ ဒသမ ၅၂ ရာခိုင်နှုန်း)၊ ဂျာမနီနိုင်ငံသားများ ဝင်ရောက်မှု ၂၀၆၀ ဦး (၃ ဒသမ ၄၉ ရာခိုင်နှုန်း)၊ အမေရိကန်နိုင်ငံသားများ ဝင်ရောက်မှု ၂၃၀၀ ဦး (၃ ဒသမ ၉ ရာခိုင်နှုန်း) စသည်ဖြင့် အသီးသီးဝင်ရောက်လျက်ရှိရာ မန္တလေးမြို့သို့ တရုတ်နိုင်ငံသားများ ဝင်ရောက်မှုမှာ အများဆုံး ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှု များပြားလာသော်လည်း လက်ရှိတွင် ဟိုတယ် ၁၃၁ လုံးသာရှိပြီး အခန်းလိုအပ်ချက်များနှင့် ဟိုတယ်ဝန်ဆောင်မှု ညံ့ဖျင်းမှုများ ရှိနေကြောင်း သိရသည်။


မန္တလေးမြို့သို့ လာရောက်ရန်လက်ရှိ အသုံးပြုနေသည့် ပြည်တွင်းလေကြောင်းဆယ်လိုင်းခန့်ရှိပြီး ပြည်ပလေကြောင်းများအနေဖြင့် ဘန်ကောက်အေးရှား၊အဲအေးရှား၊ ဂိုးဒင်းမြန်မာ၊ချိုင်းနားအီ စတန်၊ ဆစ် ခ်အဲ စသည့် လေကြောင်းလိုင်းများဖြင့် အဓိက ပြေးဆွဲနေကြောင်း သိရသည်။

ရေကြောင်းလိုင်းတွင်မူ Road to Mandalay ၊ ရွှေကိန္နရီ စသည့်မြစ်တွင်းသွား သင်္ဘောများ ပြည်တွင်း၌ အဓိကပြေးဆွဲပေးနေကြောင်း သိရသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားများသည် မန္တလေးမြို့ရိုး၊ ကျုံး၊ နန်းတော်၊ ဦးပိန်တံတား၊ မန္တလေးတောင်၊ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးရှိသည့် ကုသိုလ်တော်ဘုရား၊ နှစ်ပေါင်း ၁၀၀ ကျော်ခန့် မပျက်မဆီးဘဲရှိသည့် ရွှေနန်းတော်ကျောင်း (ရွှေကျောင်းကြီး)၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (ဘုရားကြီး)၊ မန္တလေးဈေးချိုနာရီစင်နှင့် စွယ်တော်တို့ကို အဓိကထား သွားရောက် လည်ပတ်ကြပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက် နေ့ချင်းပြန်နိုင်သော မြို့များဖြစ်သည့် ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်းသို့လည်း သွားရောက် လည်ပတ်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/လမုတန်း၊ မြေကွက်အမှတ်(၇၇)၊ မြေကွက်တည်နေရာအမှတ်(၇၇)၊ ရာဇသင်္ကြန်လမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမောင်ရွှေ [၁၂/ဒပန(နိုင်)၀၀၇၁၇၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမောင်ရွှေ (ဖခင်)နှင့် ဒေါ်မြသီ (မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဦးအောင်ကျော် [၁၂/ဒပန(နိုင်)၀၀၇၁၈၉]၊ ဒေါ်စန်းမြင့်[၁၂/ဒပန(နိုင်)၀၀၆၂၀၂]၊ ဒေါ်ညွန့်စိန်[၁၂/ပဇတ(နိုင်)၀၂၀၂၄၂]နှင့် ဒေါ်လှဝင်းစိန် [၁၂/ဒပန(နိုင်)၀၀၇၀၈၇]တို့အနက်မှ ဒေါ်လှဝင်းစိန်မှ ကျန်မောင်နှမများထံမှအထွေထွေကိုယ်စားလှယ် ၂၀၈၇၀/၁၄ (၄-၈-၁၄)ရယူလျက်၊ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ






### ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ဘီ)၊ မြေကွက်အမှတ်(၁၆၈)၊ မြေကွက်တည်နေရာအမှတ်( - )၊ (၄)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးသိန်းအောင်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းအောင် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ၂၀၁၀/၂၀၀၉(၁၀-၇-၂၀၀၉)အရ ဒေါ်တင်စိန်မှ ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဝင်းသီတာ(တရားလို)မှ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ ၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၂၂၄)ဖြင့် ဒေါ်တင်စိန်၊ ဒေါ်သီတာဆွေ(တရားပြိုင်)တို့အပေါ် မြေနှင့်အိမ်အားမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ အနိုင်ဒီကရီ(၃၁-၃-၂၀၁၄) ရရှိခဲ့ပြီး ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၉(၂-၉-၂၀၁၄)ဖြင့် တရားရုံး ကိုယ်စားခန့်အပ်ခြင်းခံရသူ ဘီလစ် ဒေါ်မင်းမင်းကြိုင်မှ တရားရုံးအနိုင်ဒီကရီများတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၀/A၊ မြေကွက်အမှတ်(၆၆)၊ မြေကွက်တည်နေရာအမှတ်(၆၆)၊ သစ္စာဝါဒီလမ်း(ယခင်)ရွှေပင့်ကူလမ်း (ယခု)၊ ရွာသစ်အနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်(ကိုစံချိန်) အမည်ပေါက်၊ Aရွာမြေ ၃/ခ အိမ်ရာမြေအား ဘီလစ်ဒေါ်အေးသက်မော်[၉/ ပဥလ(နိုင်)၀၁၇၉၂၁]က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂၀/၂၀၁၁အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၂၀-၃-၂၀၁၂ ရက်စွဲပါစီရင်ချက် ဒီကရီ၊ တရားမဇာရီမှုအမှတ်-၁၈/၁၂ ဘီလစ်ခန့်အပ်သည်။ ၈-၉-၂၀၁၄ရက်စွဲပါ ထုံးပုံကျအပြီးသတ်အမိန့် ၉-၉-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာ တို့ကိုတင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**စာအုပ်စာပေလှူ့မိတ်ဆွေ**

# ကျောင်းပြင်ပမူလတန်းပညာရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနား ထားဝယ်တွင်ပြုလုပ်

**ထားဝယ်၊ နိုဝင်ဘာ ၃**

၂၀၁၄-၂၀၁၅ပညာသင်နှစ်ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးရည်မှန်းချက်များကို ပေါက်မြောက်အောင်မြင်ရေးအတွက် နှစ်စဉ်မေလ နောက်ဆုံးပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး လှုပ်ရှားဆောင်ရွက်ခဲ့ရာမှ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူများ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများက ကျောင်းနေရန် အခက်အခဲရှိသော ကလေးများကို ငွေကြေး၊ ပစ္စည်းနှင့် စာရေးကိရိယာများ ပံ့ပိုးကူညီခဲ့ကြ၍ သူငယ်တန်းကျောင်းဝင်နှုန်းသည် ယခုဆိုလျှင် တနင်္သာရီတိုင်းဒေသကြီး အတွင်း ၉၉ ဒသမ ၅ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့ပြီဖြစ်ကြောင်းပြောကြားခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ရဘူးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသူ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ် သက်ငယ်အုပ်စု ကလေးများကို ဒုတိယအကြိမ် ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးနိုင်ရန်နှင့် အခြေခံပညာအလယ်တန်းအဆင့်ကို ဆက်လက်သင်ယူခွင့်ရရှိရန် ရည်ရွယ်ပြီး ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်းများကို ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ပထမအဆင့်သင်တန်းသား(၂၀၆)ဦး၊ ဒုတိယအဆင့်သင်တန်းသား(၄၀၅)ဦးကို သင်ကြားပေးလျက်ရှိကြောင်းနှင့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်မှ ဒုတိယအဆင့်အောင်ပြီး အလယ်တန်းအဆင့် ဆက်လက်သင်ယူလျက်ရှိသူ (၅၈) ဦးရှိသည်ကို တွေ့ရှိရသည့်အတွက် နိုင်ငံတော်၏ လိုအပ်သော ပညာရေးအခန်းကဏ္ဍတွင် ထပ်မံအားပြည့်လာမှာဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်း ဖွင့်လှစ်သည့် ကျောင်းပြင်ပ မူလတန်းပညာရေးအခြေစိုက်စခန်း(၁၉)ခုမှာ တက်ရောက်သင်ကြားကြမည့် သင်တန်းများ၏ သင်ကြားသင်ယူမှု အောင်မြင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ ရပ်မိရပ်ဖများနှင့် မိဘအုပ်ထိန်းသူများက စွမ်းဆောင်နိုင်သမျှ ပံ့ပိုးကူညီပြီး သင်တန်းသားများကလည်း ကြိုးစားအားထုတ် သင်ယူသွားကြရန်လိုကြောင်းကိုလည်း ဝန်ကြီးချုပ် ဦးမြတ်ကိုက ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာတတ်မြောက်ရေးနေ့ အထောက်အကူပြု ပင်မဌာနမှ ဗဟိုညှိနှိုင်းရေးမှူး ဆရာကြီးဦးအေးကြိုင်က ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးထွန်းရီက ကျောင်းပြင်ပမူလတန်းပညာရေးကိစ္စ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းကို ထားဝယ်မြို့နယ်၊ မြိတ်မြို့နယ်နှင့် လောင်းလုံမြို့နယ်တို့တွင် ဆောင်ရွက်ပြီး ယခုနှစ်တွင် ပုလောမြို့နယ်လည်း ပါဝင်ဆောင်ရွက်လာပြီဖြစ်ကြောင်း၊ ထားဝယ်မြို့နယ်တွင် အခြေစိုက်စခန်းခြောက်ခု၊ မြိတ်မြို့နယ်တွင်ခုနစ်ခု၊ လောင်းလုံမြို့နယ်တွင်သုံးခု၊ ပုလောမြို့နယ်တွင်ခြောက်ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယင်းနေ့အခမ်းအနားတွင် တိုင်းဒေသကြီး မြိတ်မြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးအတွက် တစ်နှစ်တာလှူဒါန်းငွေကျပ် ၇၅ ဒသမ ၆ သိန်းကို အလှူရှင်ကိုယ်စား ဆရာကြီးဦးအေးကြိုင်က လှူဒါန်းရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက လက်ခံပြီး လောင်းလုံမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးအတွက် တစ်နှစ်တာလှူဒါန်းငွေကျပ် ၅၁ ဒသမ ၆ သိန်းကို အလှူရှင်ကိုယ်စား ဆရာကြီးဦးထွန်းရီ ကပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဝင်းဆွေက လက်ခံခဲ့သည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး စွမ်းဆောင်ရည်ဆုအဖြစ် အမှတ်(၁) အခြေခံပညာဦးစီးဌာနအနေဖြင့် ရွေးချယ်ခံရသော မြို့နယ်ကြီးကြပ်ရေးမှူးဆုကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်ဝင်းက ပေးအပ်ရာ မြိတ်မြို့နယ်ကြီးကြပ်ရေးမှူး ဦးထွန်းကြည်က လက်ခံပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်က ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများပေးအပ်ရာ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းတွင် ပညာဆက်လက်သင်ယူနေသော ကျောင်းပြင်ပမူလတန်းပညာရေးမှ မွေးထုတ်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက လက်ခံ၍ အလယ်တန်းအဆင့် ပညာဆက်လက်သင်ယူနေသော ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာထွန်းက မြို့နယ်အုပ်ချုပ်ရေးမှူးများအား မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဌ တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့သည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

# လောကမာရဇိန် ကျောင်းသစ်ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်း၌ သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်

**သုံးခွ၊ နိုဝင်ဘာ ၃**

တစ်ကြိမ်လှူဒါန်းခြင်းဖြင့် ထာဝရကုသိုလ်သုံးမျိုးရနိုင်သော ဓမ္မစကူးလ် သုံးထပ်ကျောင်းဆောင်သစ်ကြီးကို ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ လောကမာရဇိန် ကျောင်းသစ်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဝင်းတွင် စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းထာဝရကုသိုလ်သုံးမျိုးမှာ ဓမ္မဒါနကုသိုလ် မြတ်စွာဘုရားဟောကြားအပ်သော ဓမ္မစာပေများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားပို့ချခြင်း သူတော်ကောင်းတရားအလှူ၊ ပညာဒါနကုသိုလ် အခြေခံအလယ်တန်းအထိ (အခမဲ့) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို သင်ကြားပေးခြင်း အသိပညာအလှူ၊ အာဝါသဒါနကုသိုလ် ရဟန်းသာမဏေများ၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ ချမ်းသာစွာနေထိုင်နိုင်မည့်နေရာ အဆောက်အအုံအလှူတို့ဖြစ်သည်။

ယင်းဓမ္မစကူးလ် သုံးထပ်ကျောင်းဆောင်ကြီးတွင် ၂၄ × ၃၀ အကျယ်ရှိ စာသင်ခန်း ၁၂ ခန်း၊ ၃၀ × ၆၀ အကျယ်ရှိ ဟောပြောပွဲခန်းမကြီး တစ်ခန်း၊ ၃၀ × ၆၀ အကျယ်ရှိ စာကြည့်တိုက်တစ်ခန်း၊ ၃၀ × ၃၀ အကျယ်ရှိရုံးခန်းတစ်ခန်း၊ ၃၀ × ၃၀ အကျယ်ရှိ ကွန်ပျူတာအခန်းတစ်ခန်း၊ ၄ × ၅ ရှိ သန့်စင်ခန်း ၁၈ ခန်းတို့ကို ဆောက်လုပ်လျက်ရှိရာ ခန့်မှန်းကုန်ကျငွေကျပ် သိန်းပေါင်းနှစ်ထောင့်ရှစ်ရာခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။



ဆက်သွယ်လှူဒါန်းလိုပါက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၁+၃) ရပ်ကွက် လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖုန်း ၀၅၆-၄၀၄၁၈၊ ၀၉ ၄၄၈၀၂၁၆၂၉ တို့တွင် လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# မြောက်ပိုင်းခရိုင်အတွင်း Public Digital Library Service စက်များထပ်မံတပ်ဆင်

**ရန်ကုန်၊ နိုဝင်ဘာ ၃**

မြောက်ပိုင်းခရိုင်အတွင်းရှိ တက္ကသိုလ်များတွင် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာစေရန် ရည်ရွယ်၍ မြောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၆ ရက်မှ စတင်ကာ မင်္ဂလာဒုံ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ် (ထန်းတပင်)၊ လှိုင်သာယာအနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ မှော်ဘီ နည်းပညာတက္ကသိုလ်၊ ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်၊ လှည်းကူးပညာရေးကောလိပ်၊ မြန်မာနိုင်ငံဓမ္မတက္ကသိုလ်(အင်းစိန်) ဆေးဘက်ဆိုင်ရာတက္ကသိုလ် (အောင်ဆန်း) ရန်ကုန်နည်းပညာတက္ကသိုလ်တို့အား သုတ၊ ရသစာအုပ်ပေါင်း ၆၀၀၀ ကျော်ပါသည့် Public Digital Library Service စက်များကို ဒုတိယအကြိမ် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မင်္ဂလာဒုံလေဆိပ်နှင့် ခရိုင်ပြည်သူ့စာကြည့်တိုက်တို့တွင် မေ ၅ ရက်နှင့် မေ ၉ ရက်များတွင် Public Digital Library Service စက်များကို ပထမအကြိမ် တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါစက်များ တပ်ဆင်ခြင်းနှင့်ပတ်သက်၍ တက္ကသိုလ် ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**Auto**
ELECTRICAL & ELECTRONIC PRODUCTS

**Automatic Water-Pump Controller**
**(ရေမော်တာအလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာနလျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုမိန့်ရရှိပြီး

ဤစက်ကို တပ်ဆင်ထားခြင်းအားဖြင့်
(၁) မီးပျက်သည့်အခါ မီးပြန်လာသည့်အချိန်တွင် လူမှစောင့်ဆိုင်း၍ ရေတင်ရန် မလိုအပ်ခြင်း။
(၂) ရေလာ/မလာနှင့် ရေပြည့်/မပြည့်ကို စောင့်ကြည့်ရန် မလိုအပ်ခြင်း။
(၃) ရေလာ/မလာကို Controller တွင်ကြည့်ရုံဖြင့် သိရှိနိုင်ခြင်း။
(၄) လျှပ်စစ်ဓါတ်အားနှင့် အချိန်ကို သက်သာစေပြီး ရေမလာ၍သော်လည်းကောင်း၊ မီးအားအတက်အကျဖြစ်ခြင်းကြောင့်သော်လည်းကောင်း၊ မော်တာလောင်းကျွမ်းခြင်းမှ ကင်းဝေးစေခြင်း။
(၅) အချက်ပြမီးအမျိုးမျိုးနှင့် အခြေအနေပြ အသံစနစ် အမျိုးမျိုးတို့ပါရှိခြင်း။

45,000/- 50,000/-

ပစ္စည်းဖိုး လက်ခ အခမဲ့ အာမခံ (တစ်နှစ်)

ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single / Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/ Three Phase)
web:autoelectronicproducts.com

အမှတ်(၂၁၆)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၇၈၃၄၆၊ ၀၁ ၂၅၀၉၃၃

ရဲထွဋ်ကို(ရေ / သန့်.) နေပြည်တော်။ ၀၉၄ ၂၀၇၄၅၆၅၇။ ၀၉၄ ၂၀၇၁၅၀၇၅

CSC ကွန်ပျူတာ (မန္တလေးမြို့) ၇၇ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား။ ဖုန်း ၀၉ ၉၁၀၀၅၇၁၇၊ ၀၂ ၆၆၀၅၁

**တန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၄၇(ခ)၊ မြေကွက်တည်နေရာအမှတ် (၄၇/ခ)၊ တောင်ဥက္ကလာလမ်း၊ (၆)ရပ်ကွက် ရွှေပြည်သာ၊ ဦးဝုန်ဘာစန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအားအမည်ပေါက် ဦးဝုန်ဘာစန်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စိန်ရှီးမန်း(၁/ဗမန(နိုင်)၀၀၅၃၃၅)မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- ၂၆၁၀/၁၄(၂၉-၅-၁၄)ဂရန်ပျောက်ဆုံးကြောင်းကတိသစ္စာပြုလွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ထုတ်ပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေငှားစာချုပ်အမှတ်-ရပသ/ ၂၁၂၃/ ခမတ/ရွှေဂရန်/၆/၁၄(၇-၉-၉၆)ဖြင့် ထုတ်ပေးခဲ့သောမူလဂရန်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**နိုဝင်ဘာ သားအမိအတွက်**
**မွေးနေ့မင်္ဂလာဆုတောင်း**

၃-၁၁-၂၀၁၄ရက်တွင် ကျရောက်သော ချစ်ဇနီး ဒေါ်ခင်မျိုးခိုင်၏ မွေးနေ့နှင့် ၄-၁၁-၂၀၁၄ရက်တွင် ကျရောက်သော တစ်ဦးတည်းသော ချစ်သမီးလေး ဒေါက်တာခိုင်ဝတ်ရည်သင်း **(Honey)**၏ (၂၃)နှစ်မြောက် မွေးနေ့တို့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပြည့်စုံကုံလုံအောင်မြင်သောဘဝခရီးကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေ။

**ချစ်သောပါပါ-ပါမောက္ခဒေါက်တာနိုင်ဝင်း**

**အသိပေးကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၁၂၈၊ မြေကွက်တည်နေရာအမှတ်-၁၂၈၊ ဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးစိုးမြင့် PPN-၀၆၉၉၁၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်က ဂရန်ပျောက်ဆုံးကြောင်းကို ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူ မရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးစိုးမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြား/တောင်၊ မြေကွက်အမှတ်(၃၁၂)၊ မြေကွက်တည်နေရာအမှတ်(၈)၊ နဝရတ်လမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်(ဦးစိုးဝင်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ (၁)ဦးကျော်စိုးမြတ် [၁၂/မဂဒ(နိုင်)၁၀၁၆၉၅]၊ (၂)ဦးဝင်းမြတ်သူ[၁၂/မဂဒ(နိုင်)၁၁၅၈၂၅]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၀၉၅/၂၄-၆-၂၀၁၄ရရှိထားသူ ဒေါ်လွင်မာဦး [၁၂/ဥကမ(နိုင်)၁၈၉၃၆၅]ကပါမစ်မိတ္တူ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ် လွှဲစာတို့ကိုတင်ပြ၍ ပါမစ်မူရင်းတွင် မှီခိုသူစာရင်းစာရွက်မပါရှိဘဲ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရေနံချောင်းမြို့နယ်၊ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ဆောင်နှင့် ဆေးသိုလှောင်ခန်း ဆောက်လုပ်

**ရေနံချောင်း၊ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ခွဲစိတ်ဆောင်(နှစ်ထပ်) နှင့် ဆေးသိုလှောင်ခန်းဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နေပြည်သူများ၏ ကျန်းမာရေးကဏ္ဍတွင် ပိုမိုအဆင်ပြေစေရန်ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၁၀၀၀ ဖြင့် ခွဲစိတ်ဆောင်နှင့် ဆေးသိုလှောင်ခန်းတို့ ဆောက်လုပ်သွားမည်ဖြစ်ပြီး ခွဲစိတ်ခန်းသည် အာဆီယံအဆင့်မီ ခွဲစိတ်ခန်းကြီးဖြစ်၍ ယခုထက်များစွာအဆင်ပြေလာမည်ဖြစ်ကြောင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၁၀၀၀ ဖြင့် ပြည်သူ့ဆေးရုံကြီး အကြီးစားပြင်ဆင်မှုနှင့် ခြောက်လုံးတွဲ ဝန်ထမ်းအိမ်ရာတို့ကိုပါ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်က ပြောသည်။

အဆိုပါ ပန္နက်တင်အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တာဝန်ယူဆောက်လုပ်မည့် နန်းထိုက်ဝင်းဆောက်လုပ်ရေးကုမ္ပဏီ (မကွေး)မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သူနှင့်အဖွဲ့တို့က ပန္နက်တင်မင်္ဂလာပြုခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ (ပြန်/ဆက်)**

# မန္တလေးတက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံဘွဲ့လွန်ဒီပလိုမာ သင်တန်း ပထမဆုံးအကြိမ် ဖွင့်လှစ်သင်ကြားမည်

**မန္တလေး၊ နိုဝင်ဘာ ၃**

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ပြုပြင်ပြောင်းလဲလာခဲ့ရာ ဒီမိုကရေစီခေတ်တွင် ပြည်သူဗဟိုပြု စနစ်များအကြောင်း၊ နိုင်ငံရေးဗဟုသုတများ၊ နိုင်ငံရေးအမြင်များ၊ နိုင်ငံရေးရှုထောင့်များ၊ နိုင်ငံရေးပါတီများတွင် လုပ်ဆောင်ရမည့်အချက်များကို အများပြည်သူများနှင့် နိုင်ငံရေးကို စိတ်ဝင်စားသူ မည်သူမဆို သိရှိနိုင်ရန် မန္တလေးတက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံ ဘွဲ့လွန်ဒီပလိုမာ သင်တန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင်ဖွင့်လှစ်မည့် နိုင်ငံရေးသိပ္ပံဘွဲ့လွန်ဒီပလိုမာသင်တန်း (Diploma in Political Science) အမှတ်စဉ် (၁/၂၀၁၄) ကို မန္တလေးတက္ကသိုလ် (လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန) မှ ကြီးမှူးဖွင့်လှစ် သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းကာလကို ပထမနှစ်ဝက် (၂၀၁၄ ဒီဇင်ဘာ မှ ၂၀၁၅ ဧပြီလထိ) နှင့် ဒုတိယနှစ်ဝက် (၂၀၁၅ မေလမှ ၂၀၁၅ စက်တင်ဘာလထိ) ဟု သတ်မှတ်ထားကာ စုစုပေါင်း သင်တန်းကာလကို ကိုးလ သတ်မှတ်ထားသည်။ နိုင်ငံရေးသိပ္ပံ ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် သင်တန်းကြေး ငွေကျပ်ခြောက်သောင်း ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းအချိန်ကို တနင်္လာနေ့မှ သောကြာနေ့ထိ (ညနေ ၄ နာရီခွဲ မှ ၆ နာရီခွဲထိ) အချိန်ပြည့် နေ့စဉ်သင်ကြားပေးမည် ဖြစ်သည်။

နိုင်ငံရေးသိပ္ပံ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်မည့်သူများသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိသည့် မည်သူမဆို သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံဖြင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန မန္တလေးတက္ကသိုလ်တွင် အောက်တိုဘာ ၂ ရက်မှ စတင်၍ နိုဝင်ဘာ ၁၀ ရက် အထိ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

ယင်းသို့ လာရောက်လျှောက်ထားရာတွင် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ စတစ်ကော်လံ အကျီဖြူဖြင့်ရိုက်ထားသော ဓာတ်ပုံ ၆ ပုံကို ယူဆောင်လာရမည် ဖြစ်သည်။

နိုင်ငံရေးသိပ္ပံ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို လူဦးရေကန့်သတ်ထားပြီး သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် မန္တလေးတက္ကသိုလ်၌ ဝင်ခွင့်လျှောက်လွှာတင်သူများအားလုံး ဖြေဆိုသွားရမည် ဖြစ်သည်။

သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကိုလည်း နိုဝင်ဘာ ၁၇ ရက်တွင် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါသင်တန်းဝင်ခွင့်ရရှိသူ အမည်စာရင်းများကို မန္တလေးတက္ကသိုလ်၌ နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်သည်။ နိုင်ငံရေးသိပ္ပံ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် နိုင်ငံရေးသမားများ၊ ပါတီဝင်များနှင့် နိုင်ငံရေးကို စိတ်ဝင်စားသူ မည်သူမဆို လက်ခံသွားမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားမည့် နိုင်ငံရေးသိပ္ပံ ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိလိုသည်များကို မန္တလေးတက္ကသိုလ် ဖုန်း ၀၂-၆၈၄၉၅ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မင်းကင်းမြို့နယ်၌ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးကွင်းအား ကွင်းဆင်းကြည့်ရှု

**မင်းကင်း၊ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၊ ကျောက်အိုးကျေးရွာကွင်းအမှတ် (၇၇၁/၁)၊ ဦးပိုင်အမှတ် (၁၆) တောင်သူ ဦးခင်မောင်မြင့်၏ ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးစိုက်ခင်းအား အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်တောင်သူလယ်သမားကိုယ်စားလှယ်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ ပုလဲသွယ်စိုက်ပျိုးမှုနှင့်ပတ်သက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းခေါင်က တက်ရောက်လာကြသော အုပ်ချုပ်ရေးမှူးများနှင့် အုပ်စုစာရေးများအား မိမိတို့ဒေသတွင် ခေတ်မီမျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရီက တောင်သူများအား ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် နိုင်ငံတော်မှ ငွေကြေးများအထောက်အပံ့ပေးနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဦးအောင်သာလင်းက မိမိကိုယ်တိုင် ခေတ်မီနည်းစနစ်ဖြင့်စိုက်ပျိုးနေမှုကိုလည်းကောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်ဝင်းထွန်းက ခေတ်မီမျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ ပိုးသတ်ဆေးများသုံးစွဲမှုနှင့် ပတ်သက်၍လည်းကောင်း ပြောကြားခဲ့ကြသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# ကျေးရွာချင်းဆက်မြေသားလမ်းနှင့် ပါမူချောင်းကူးတံတားတည်ဆောက်ရန် ခွင့်ပြုရန်ပုံငွေချထားပေး

**မိုင်းခုတ်၊ နိုဝင်ဘာ ၃**

နယ်စပ်ဒေသရှိတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့နယ်ခွဲရှိ ဝမ်ကောင်းကျေးရွာနှင့် ပါမူကျေးရွာချင်းဆက်မြေသားလမ်းအရှည် သုံးမိုင်၊အကျယ် ၂၀ ပေ ဖောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၆၀ နှင့် ပါမူချောင်းကူးတံတား အရှည် ၂၀ ပေ တည်ဆောက်ရန် နောက်ဆက်တွဲရန်ပုံငွေကျပ်သိန်း ၂၀၀ ကို ခွင့်ပြုချထားပေးခဲ့ကြောင်းသိရသည်။



အဆိုပါ မြေသားလမ်းကို အရှေ့ဘက်ကျိုင်းတုံကုမ္ပဏီက တာဝန်ယူဖောက်လုပ်ဆောင်ရွက်နေမှု၊ ပါမူချောင်းကူးတံတားတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မိုင်းဆတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူတို့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက လမ်းကြောင်းတစ်လျှောက်နှင့် တံတားတည်ဆောက်မည့်နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့်ဒေသခံပြည်သူတို့အား တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မိုင်းခုတ်-ကျိုင်းတုံလမ်းပိုင်းတွင် ကတ္တရာလမ်းငါးမိုင် ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုင်းခုတ်-မိုင်းဆတ်လမ်းပိုင်း သဲတောင်နေရာတွင် ကတ္တရာလမ်း ၁ ဒသမ ၁ မိုင်ခင်းရန်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**







**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ် ၅၉၉၊ မြေကွက်တည်နေရာအမှတ် ၄၁၊ မာလာမြိုင်(၄)လမ်း (၁၆)ရပ်ကွက်၊ ဒေါ်ခွဲနွဲ့ရီ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဇနီးဖြစ်သူ ဒေါ်ခွဲနွဲ့ရီ ကွယ်လွန်သဖြင့် ဦးတိုးလှ (၉/မရတ(နိုင်)၁၀၄၂၅၁)ကတစ်ဦးတည်းသောတရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေတမ်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းတရားဝင်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**ပျောက်ဆုံးကြောင်း**



အသက်(၃)နှစ်အရွယ် Siberian Husky အမျိုးအစားခွေးလေး ၃၀-၁၀-၂၀၁၄ရက် မွန်းလွဲ ၁နာရီခန့်တွင် ဗဟန်းမြို့နယ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်းနံပါတ်-၀၉-၅၁၇၉၇၃၈၊ ၀၉-၅၁၂၅၈၆၇

# (၁)နှစ်ပြည့်လွမ်းဆွတ်တမ်းတအမျှဝေပေးခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးသိန်းလွင်

**ဒါရိုက်တာ၊ စိုးရတနာလင်းကုမ္ပဏီ**

**ရွှေသာလျှောင်းဘုရားဂေါပကအဖွဲ့ဝင်**

## အသက်(၆၁)နှစ်

"လွမ်းလို့ကျန်ရစ်မှာကို အားနာပါတယ် အဝင်းရယ်" လို့နှုတ်ဆက်ပြီး သံသရာခရီးကို ထွက်သွားခဲ့တဲ့ အဖေကြီးရေ-

အဝင်းက အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားသဘောကိုအသိ၊ သတိဖြင့် ဆင်ခြင်ပြီး နေ့စဉ်မြတ်စွာဘုရားထံ ဆပ်ကပ်လှူဒါန်းခြင်း၊ လစဉ်လည်း ပဲခူးမြို့-ဝိနယာရာမကျောင်းတိုက်၊ ကိုးသိန်းကျောင်းတိုက်၊ မင်းကျောင်းကျောင်းတိုက်၊ ရွှေဂူကျောင်းတိုက်၊ မျက်နှာတော်ကျောင်းတိုက်များမှ ဆရာတော်များထံ ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းခြင်းတို့ကို လွမ်းလျက် အမျှပေးဝေပါတယ်။

အဖေကြီးရဲ့(၆)လပြည့်မှာလည်း သားသမီးများဖြစ်ကြတဲ့ ကိုစိုးလင်း-မကြူမေလွင် စိုးရတနာလင်းကုမ္ပဏီမိသားစုမှ ပဲခူးမြို့-ရွှေဂူကျောင်းတိုက်သို့ မော်တော်ယာဉ်တစ်စီး၊ ပဲခူးမြို့-မျက်နှာတော်ကျောင်းတိုက်သို့ မော်တော်ယာဉ်တစ်စီးတို့ကို အဖေကြီးအတွက်ရည်စူးပြီး လှူဒါန်းပေးခဲ့ပါတယ်။

၄-၁၁-၂၀၁၄ရက် ဒီနေ့ (၁)နှစ်ပြည့်မှာလည်း ပဲခူးမြို့-မျက်နှာတော်ကျောင်းတိုက်တွင် (၈)နှစ်မြောက်မဟာဘုံကထိန်အလှူကိုလည်း အဖေကြီးအတွက် ရည်မှန်း၍ လှူဒါန်းပေးပြီး အမျှတွေပေးဝေလိုက်ပါတယ်။

အဖေကြီးကောင်းမြတ်သောဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

လွမ်းတသသဖြင့် လှူဒါန်းမှု ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။

အဖေကြီးရေ. . . အမျှ. . . အမျှ. . အမျှ

**ချစ်ဇနီး-ဒေါ်ဝင်းမြင့်**

**ချစ်သား၊ သမီးများ**

**ချစ်မြေးလေးများ-မောင်အံ့ဘွယ်စိုး၊ မမေထိပ်ထားခင်၊ မမေမြတ်နိုးခင်**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃ စီ၊ (S-71)၊ မြေကွက်အမှတ်(V-၁၇၃)၊ မြေကွက်တည်နေရာ(၁၀၀)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ (L.V David) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ပိုင်ဆိုင်ကြောင်းစာချုပ်-၉၁/၁၉၅၆(၃-၂-၁၉၅၆)နှင့် အရောင်းအဝယ်စာချုပ်အမှတ်-၈၁/၁၉၅၆ (၁၆-၁-၁၉၅၆)တို့အရ ပိုင်ဆိုင်လာသူ ဦးဘိုးသွယ်၊ ဒေါ်ခင်မြတို့ ကွယ်လွန်သဖြင့် ၁။ ဦးဝင်းမြင့်[၁၂/ဥကတ(နိုင်)၁၀၀၇၈၈]၊ ၂။ ဦးမျိုးမြင့်(L/RGN-024522)၊ ၃။ဦးကျော်မြင့်[၁၂/ဗဟန(နိုင်)၀၉၄၄၀၄]၊ ၄။ဦးသိန်းမြင့်[၁၂/တမန(နိုင်)၀၇၁၉၈၁]၊ ၅။ဦးလှစိန်[၁၂/သဃက(နိုင်)၀၈၂၁၂၅]၊ ၆။ ဒေါ်စန်းစန်းရီ[၁၂/တမန(နိုင်)၀၂၀၇၀၇]တို့က သား၊ သားမက်၊ ချွေးမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၈၉၅)၊ မြေကွက်တည်နေရာ၃၅/၈၉၅၊ ငွေပုလဲ(၁)လမ်း၊ ဒဂုံမြောက်(ဦးစံမင်း)[၁၂/တမန(နိုင်)၀၃၉၇၀၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံမင်း(တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ်လှဲ့လှဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]က တရားမကြီးမှုအမှတ် ၁၁၈(၄-၉-၁၄)၊ ဇာရီမှုအမှတ်-၁၀၄ (၂၀၁၄)တို့ကိုတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### အထူးကျေးဇူးတင်ရှိခြင်း

**ဉူးကုမာရ(ခ)ဦးကျော်အေး(ခ)ဦးအောင်ထွန်း**

**သက်တော်(၇၇) ၊ ဝါတော် (၈) ဝါ**

**ဒေးဒရဲကျောင်းတိုက် (ရန်ကုန်)**

**(အရှေ့တောင်အာရှကျွန်းဆွယ်လက်ဝှေ့ချန်ပီယံဟောင်း)(မုတ္တမအောင်ထွန်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဒေးဒရဲကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဉူးကုမာရသည် ၂၄-၁၀-၂၀၁၄ (သောကြာနေ့) နံနက်(၇း၅၀)နာရီတွင် တောင်ကြီးမြို့ရှိ ဇီဝိတဒါနသံဃာ့ ဆေးရုံတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို တောင်ကြီးမြို့ရှိ တိုင်းရင်းသားပေါင်းစုံသုသာန်၌ ၂၆-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ (၂း၀၀)နာရီတွင် မီးပူဇော်၍ ၃၀-၁၀-၂၀၁၄ (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၊ ဒေးဒရဲကျောင်းတိုက်၌ ရက်လည် ဆွမ်းကပ် ကုသိုလ်အမျှပေးဝေပြီးဖြစ်ပါသည်။ ဉူးကုမာရနာမကျန်းဖြစ်စဉ်ဆေးကုသပေးကြပါသော စဝ်စံထွန်းဆေးရုံ(တောင်ကြီး)၊ ဇီဝိတဒါနသံဃာ့ဆေးရုံ (ရန်ကုန်နှင့်တောင်ကြီး)မြို့မှ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (တောင်ကြီးနှင့်ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ထားဝယ်တက္ကသိုလ် (ဥပဒေပညာဌာန)မှ ပါမောက္ခ(ဌာနမှူး)နှင့် ဆရာမများအားလည်းကောင်း၊ တောင်ကြီးတက္ကသိုလ် (ဥပဒေပညာဌာန)မှ ပါမောက္ခနှင့်ဆရာ၊ ဆရာမများအားလည်းကောင်း၊ ရဟန်းဒါယကာ ဗိုလ်မှူးမောင်ညွန့်နှင့်ဇနီး ဒေါ်ခင်မေသင်း အားလည်းကောင်း၊ KDDI Summit Globle Myanmar (KSGM) မှ CFO/ DYCFO နှင့်အဖွဲ့များ၊ PWC မှ အဖွဲ့ဝင်များ၊ မြေတိုင်းဦးစီးဌာန (နေပြည်တော်နှင့်ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

### အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်ကြီးလှဝင်းလှိုင်(ငြိမ်း)**

**ဉက္ကဋ္ဌ၊ သံတွဲမြို့နယ်၊ ပြည်သူ့ကောင်စီ(ငြိမ်း)**

**အသက်(၈၅)နှစ်**

၂၉-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားသော ဗိုလ်ကြီးလှဝင်းလှိုင်(ငြိမ်း)(၈၅)နှစ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကိုးလုံးကွင်းကျေးရွာ ရပ်မိရပ်ဖများ၊ အခမဲ့နာရေးကူညီမှုအသင်း(ကိုးလုံးကွင်း)မြင့်မြတ်စေတနာ ပရဟိတအသင်း၊ မော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ (၁၉၆၈-၁၉၈၀) U.T.C(1)မှ မိတ်သင်္ဂဟနှင့်တပည့်များ၊ ကြွရောက်လာကြသော ဆွေမျိုး မိတ်ဆွေများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစုများ**

---

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ကြည်(ခ)လင်ရှုအင်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ Junction (8) Tower, အခန်း(၅၀၄)နေ ဦးခင်ထွန်း MD (Capital Automotive)-ဒေါ်ရင်ရင်ဌေး MD (Success Creator Services)တို့၏ ကျေးဇူးရှင်မိခင်ကြီးဒေါ်ကြည်(ခ)လင်ရှုအင်သည် ၂၉-၁၀-၂၀၁၄ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းရပါသည်။

**ဝန်ထမ်းများ**

**Capital Automotive**

**(Ford, Jaguar, Land Rover, John Deers)**

---

# ကြေကွဲဝမ်းနည်းခြင်း

## ဒေါ်လှဘီ

**အသက်(၉၃)နှစ်**

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေး ဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်(၂)ရောဂါဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်ငြိမ်း၏မိခင်သည် ၃၁-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းပါကြောင်း။

**ရောဂါဗေဒဌာနဝန်ထမ်းများ**

